# လူ့အခွင့်အရေးနှင့် အလှမ်းဝေးနေသေးသည့် ရွေးကောက်ပွဲ

၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများ

Network for Human Rights Documentation - Burma

ND - Burma

**Copyright © 2010 Network for Human Rights Documentation - Burma.**
**All rights reserved.**
**Printed in Thailand**


| | |
|---|---|
| ထုတ်လုပ်သူ | လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ)<br>P.O Box 67 CMU Post Office, Chiang Mai 50202 Thailand.<br>E-mail : office@nd-burma.org |
| ထုတ်လုပ်သည့်ခုနှစ် | နိုဝင်ဘာ ၂၀၁၀ |
| အင်တာနက် ကွန်ယက်လိပ်စာ | http://www.nd-burma.org |


ယခု အစီရင်ခံစာပါ ဓာတ်ပုံများသည် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း ၏ မူပိုင်ဓာတ်ပုံများဖြစ်သည်။

| | |
|---|---|
| ရှေ့မျက်နှာဖုံးဓာတ်ပုံ | © မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း 'ရွာသားများက ရွေးကောက်ပွဲ မဲပေးခွင့်ရှိသူ စာရင်းအား ဖတ်ရှုနေစဉ် (မွန်ပြည်နယ်)' |

**Supported by National Endowment for Democracy and Open Society Institute**

# မာတိကာ

၁။ အစီရင်ခံစာ အနှစ်ချုပ် ၇

၂။ သုတေသနပြုရာတွင် အခြေခံသည့်နည်းနာ ၉

၃။ သုတေသန၏ တွေ့ရှိချက်များ ၉

၄။ လူ့အခွင့်အရေးမှတ်တမ်း ကွန်ရက်အကြောင်း ၁၂

၅။ နိဒါန်း ၁၃

ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ၁၄

ရွေးကောက်ပွဲအကြိုကာလ ၁၆

၆။ ရွေးကောက်ပွဲအကြိုကာလ လူ့အခွင့်အရေးချိုးဖောက်မှုများ ၁၇

အကြမ်းဖက်မည်ဟုခြိမ်းခြောက်မှုများ၊အနိုင်ကျင့် ဖိအားပေးမှုနှင့် အခြားအကြပ်ကိုင်မှုပုံစံများ ၁၈

တရားမဝင်ငွေကြေးကောက်ခံမှု ၁၈

ခြိမ်းခြောက်မဲဆွယ်ခြင်း ၁၉

မက်လုံးပေးမဲဆွယ်စည်းရုံးခြင်း ၂၀

ကြံ့ဖွံ့အဖွဲ့ဝင်အဖြစ် အတင်းအဓမ္မ စုဆောင်းခြင်း ၂၁

အစိုးရဝန်ထမ်းများအား ကြံ့ဖွံ့ပါတီ အဖွဲ့ဝင်အဖြစ် စာရင်းကောက် ၂၂

ကြံ့ဖွံ့ပါတီအား မဲမပေးလျှင် ဖမ်းဆီးခံရမည်ဟု ခြိမ်းခြောက်မှုများ ၂၃

ရွာသူကြီးများ၊ ဥက္ကဋ္ဌများအား ဖိအား၍ ကြံ့ဖွံ့ပါတီအား ထောက်ခံမဲရအောင် စည်းရုံးခိုင်စေခြင်း ၂၃

ကြံ့ဖွံ့ပါတီမှ ဌာနေ ပြည်သူ့စစ်မျိုးကို နည်းမျိုးစုံသုံး၍ လူထုကို စည်းရုံးခြင်း ၂၃

တရားဝင်တည်ရှိခြင်း၊ ရပ်တည်မှုကို သွေးခွဲခြင်း ၂၄

လွတ်လပ်စွာခရီးသွားလာခွင့်ကို ကန့်သတ်ချုပ်ချယ်ခြင်း ၂၅

[redacted]


စိတ်ထင်တိုင်း တရားမဝင် ဖမ်းဆီး ထိမ်းသိမ်း ချုပ်နှောင်ထားမှု ၂၆

စက်တင်ဘာလ ၁၄ ရက်နေ့က မြောက်ဥက္ကလာပမြို့နယ်တွင် ဖမ်းဆီးခံရသော လူ (၅) ဦး ၂၆

စက်တင်ဘာလ ၁၇ ရက်နေ့က ရန်ကုန်မြို့တွင် ဖမ်းဆီးခံရသော လူ (၃) ဦး ၂၆

စက်တင်ဘာလ ၁၈ ရက်နေ့က ရန်ကုန်မြို့တွင် ဖမ်းဆီးခံရသော လူ (၃) ဦး ၂၆

'တစည ပါတီ အလိုမရှိ' စာတမ်းပါ ပိုစတာကပ်ခဲ့သူ လူငယ်နှစ်ဦး အဖမ်းခံရခြင်း ၂၇

ညှဉ်းပမ်းနှိပ်စက်မှု၊ လူမဆန်သည့် ဆက်ဆံမှု ၂၈

အဓမ္မ လုပ်အားပေးစေခိုင်းခြင်း ၂၉

လွတ်လပ်စွာ ဖွင့်ဟ ထုတ်ဖော် စုရုံး ဖွဲ့စည်းခွင့်အား ငြင်းပယ်ပိတ်ပင်ခြင်း ၃၁

အသိအမြင်ဗဟုသုတရှိရှိ ဆုံးဖြတ်ချက်ပြုလုပ်ခွင့်ကို တားမြစ်ခြင်း ၃၂

ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဗဟုသုတမရှိခြင်းနှင့် ပြည်သူတို့၏ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကင်းမဲ့နေခြင်း ၃၂

ရွေးကောက်ပွဲတွင် ပါဝင်ခွင့်၊ အရွေးခံခွင့်အား တားမြစ်ခံရမှု ၃၃

လူနည်းစု တိုင်းရင်းသားဒေသများတွင် မဲထည့်ခွင့် ဆုံးရှုံးခြင်း ၃၃

မဲပေးပိုင်ခွင့် ဆုံးရှုံးခြင်း ၃၄

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီအား မဲဆွယ်စည်းရုံးမှုအား ပိတ်ပင်ခံရခြင်း ၃၇

အိုးအိမ် လယ်ယာ သိမ်းပိုက်မှုနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများ ဖျက်ဆီးမှု ၃၈

၇။ နိဂုံး ၃၉

၈။ အတိုကောက် ဝေါဟာရများနှင့် မြန်မာအခေါ်အဝေါ်များ ၄၁

# အစီရင်ခံစာ အနှစ်ချုပ်

ယခုနှစ် ဩဂုတ်လတွင် စစ်အစိုးရက ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပမည်ဟု ကြေငြာခဲ့သည်။ လွန်ခဲ့သည့် နှစ်နှစ်ဆယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ရွေးကောက်ပွဲကျင်းပနိုင်သည့် အရိပ်အရောင်ပေါ်တွင် 'ရွေးကောက်ပွဲက စစ်မှန်သော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းဖြစ်သလား သို့မဟုတ် မြန်မာပြည်တွင် ပုံမှန်ဖြစ်ပေါ်မှု တစ်ခုသာ ဖြစ်သလား' စသည်ဖြင့် ပြင်းထန်သော ငြင်းခုန်မှုများ ဖြစ်ပေါ်စေခဲ့သည်။ ထိုရွေးကောက်ပွဲပြီး ကာလတွင် လူ့အခွင့်အရေးအခြေအနေအပါအဝင်၊ မြန်မာပြည်သူတို့၏ ဘဝအခြေအနေ တိုးတက်လာမည်ဟု လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အနေဖြင့် မမျှော်လင့်ပါ။ မြန်မာပြည်သူတို့သည် စစ်အုပ်ချုပ်ရေးစနစ်အောက်တွင် နှစ်ပေါင်း (၅၀) ကျော်ကြာ ဒုက္ခဆင်းရဲခံခဲ့ကြရပြီး ထိုကာလတစ်လျှောက် အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများကို နေ့စဉ်နှင့်အမျှ ခါးစည်းခံခဲ့ကြရသည်။ ထိုရွေးကောက်ပွဲသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၏ တိုးတက်မှုတစ်ခုထက် အကန့်အသတ်မရှိသည့် စစ်အုပ်ချုပ်မှုယန္တရားအား အခိုင်အမာ အုတ်မြစ်ချသည့် ရွေးကောက်ပွဲပင်ဖြစ်သည်။

တိုင်းရင်းသား လူမျိုးပေါင်းစုံ ပါဝင်သည့် လူ့အခွင့်အရေးအဖွဲ့ (၁၃) ဖွဲ့ဖြင့် ဖွဲ့စည်းထားသော လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်သည် ၂၀၁၀ ခုနှစ် ဇန္နဝါရီလမှ စတင်ကာ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းအချက်အလက်များကို အာရုံစိုက် မှတ်တမ်းပြု စုဆောင်းခဲ့ပါသည်။ စစ်အစိုးရနှင့် ၎င်း၏ နိုင်ငံရေးပါတီဖြစ်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ရွေးကောက်ပွဲတွင် အနိုင်ရရေးအတွက် မြန်မာပြည်သူလူထု၏ သဘောထားအား ဆန့်ကျင်ကာ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရည်ရွယ်ချက်ရှိရှိ စနစ်တကျကျူးလွန်ခဲ့ကြောင်းကို ယခုအစီရင်စာက ဖော်ထုတ်လိုက်သည်။ ၂၀၁၀ ခုနှစ် ဇန္နဝါရီလမှ အောက်တိုဘာလအထိ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ခြိမ်းခြောက်ခြင်းနှင့် နိုင်ထက်စီးနင်း အကြပ်ကိုင်မှုများ၊ လွတ်လပ်စွာခရီးသွားလာခွင့်ကို ကန့်သတ် ငြင်းဆန်ခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်တို့ကို ငြင်းပယ်ခြင်း၊အသိအမြင် ဗဟုသုတရှိရှိ ဆုံးဖြတ်ချက်ပြုလုပ်ခွင့်ကို တားမြစ်ခြင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ခွင့်အား တားမြစ် ပိတ်ပင်ခြင်း အပါအဝင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှု သတင်းအချက်အလက် စုစုပေါင်း ၂၄၇ ခုအား စုဆောင်းနိုင်ခဲ့သည်။ ယခုသုတေသနပြုလုပ်ချက်က ရွေးကောက်ပွဲကြိုကာလ လုပ်ငန်းစဉ်များ အဆင့်တိုင်းတွင် လွတ်လပ်၍ တရားမျှတမှုရှိသည့် အများယုံကြည်လက်ခံနိုင်သော ဒီမိုကရေစီစံ သတ်မှတ်ချက်များ ကင်းမဲ့နေကြောင်း ဖော်ပြလျှက်ရှိသည်။

ရွေးကောက်ပွဲ လုပ်ငန်းစဉ် တစ်ခုလုံးအတွင်း လူ့အခွင့်အရေးဆိုင်ရာ တိုးတက်လာမှု အခြေအနေ တစ်စုံတစ်ခု မတွေ့ရှိရပဲ တိုးပွားလာနေသော အထောက်အထားများက လူ့အခွင့်အရေး ချိုးဖောက်မှုများသည် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေကြောင်း ခိုင်မာစွာ သက်သေပြနေသည်။ နိုင်ငံနှင့် အဝှမ်းဖြစ်ပွားလျှက်ရှိသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် စစ်အစိုးရကိုယ်တိုင်က တိုက်ရိုက်ပါဝင် ပက်သက်နေပြီး၊ ၎င်းကျောထောက်နောက်ခံ ပြုထားသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း/ပါတီ၊ စွမ်းအားရှင်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကလည်း အာဏာပိုင်များနှင့် အလိုတူအလိုပါအဖြစ် ကျူးလွန်နေကြသည်။ ထိုရာဇဝတ်မှုများအား ကျူးလွန်သူများသည် တာဝန်ယူ၊ တာဝန်ခံမှု မရှိပဲ ကျူးလွန်ခံရသူများအတွက်လဲ တရားမျှတမှု မရရှိပါ။

အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးကို မပြုလုပ်ပဲ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ စစ်အစိုးရသည် ၎င်း၏ ကိုယ်စားပြု နိုင်ငံရေးပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ရွေးကောက်ပွဲ အောင်မြင်ရေးလုပ်ငန်းစဉ်များကြောင့် အကြမ်းဖက်ရန်ခြိမ်းခြောက်မှု၊ အနိုင်ကျင့်ဖိအားပေးမှုနှင့် အခြားသော ဖိနှိပ်ချုပ်ချယ်မှုများ ဆက်လက်ဖြစ်ပွားနေရာ မြန်မာနိုင်ငံ၏ ရှေ့အနာဂတ် သည်

မျှော်လင့် အားရဖွယ်မရှိပဲ ဖြစ်နေသည်။ မြန်မာနိုင်ငံတွင် စစ်မှန်သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများ ပြုလုပ်နိုင်ရန်အတွက် အပြစ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ပြုနေသည့် အခြေအနေများကို အဆုံးသတ်ရမည် ဖြစ်သည်။

စီမံခန့်ခွဲမှုဘုတ်အဖွဲ့
၂၀၁၀၊ နိုဝင်ဘာလ
လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# သုတေသနပြုရာတွင် အခြေခံသည့် နည်းနာ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သည် ၂၀၀၃ ခုနှစ်မှစ၍ စစ်အစိုးရအာဏာရှင်များနှင့် အပေါင်းပါတို့၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စနစ်တကျ မှတ်တမ်းပြုခဲ့သည်။ထိုကာလအတွင်း လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်း ၂၀၀၀ ကျော်ကို ကွန်ယက်၏ အချက်အလက် ထိမ်းသိမ်းမှုစနစ်တွင် မှတ်တမ်းပြု သိမ်းဆည်းနိုင်ခဲ့သည်။ လူထုအခြေပြု အဖွဲ့အစည်းများ သည် ၁၉၈၈ ခုနှစ် ငြိမ်းချမ်းသည့် ဒီမိုကရေစီ တောင်းဆိုဆန္ဒပြမှုများနှင့် အကြမ်းဖက် နှိမ်နင်းမှုများအပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများအား စနစ်တကျ မှတ်တမ်းပြု ဖော်ထုတ်ခြင်းဖြင့် ပြည်သူလူထု၊ နိုင်ငံ တကာအဖွဲ့အစည်းများနှင့် သတင်းဌာနများအား ဆိုးဝါးလှသည့်လူ့အခွင့်အရေးချိုးဖောက်မှုများကိုမီးမောင်းထိုး အသိပေးမှုများကို စတင်ပြုလုပ်ခဲ့ကြသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုမှတ်တမ်းများအား စနစ်တကျ မှတ်တမ်းပြုခြင်းဖြင့် လူ့အခွင့် အရေး အခြေအနေများအား မီးမောင်းထိုး အသိပေးခြင်း ပြုလုပ်နိုင်ခဲ့ရုံမက ကွန်ရက်အနေဖြင့် ရှေ့လာမည့် အနာဂတ်ကာလတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးပြီး အမျိုးသားပြန်လည် သင့်မြတ်ရေးကို အထောက်အကူပြုမည့် တရားမျှတမှုနှင့် တာဝန်ခံမှုကို ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် တိကျမှန်ကန်သည့် သမိုင်းဝင် အထောက်အထားများကို တည်ဆောက်နိုင်ခဲ့သည်။

ထိုသို့ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းပြုနိုင်ရန်အတွက် ကွန်ရက်၏ ကွင်းဆင်း သုတေသနပြုမည့် သူများအား ရွေးကောက်ပွဲနှင့် ပတ်သက်၍ မှတ်တမ်းပြုနည်း သင်တန်းကို National Democratic Institute (NDI) ၏ အကူအညီပေးမှုဖြင့် ပြုလုပ်နိုင်ခဲ့ပါသည်။ သုတေသန ပြုသူများ အနေဖြင့် အခက်အခဲ၊ အန္တရာယ်များကြားမှ စွန့်စား ကောက်ယူကြရခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများသည် စစ်အစိုးရ၏ ပြစ်မှတ်တစ်ခုဖြစ်နေပြီး ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ စစ်ဆေး မေးမြန်းခြင်းနှင့် ထောင်တွင်းအကျဉ်းချမှုများ ကြုံတွေ့ရမြဲဖြစ်သည်။

မကြာသေးမီက လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သည် စစ်အစိုးရနှင့် ၄င်း၏ ကိုယ် စားပြုပါတီ ဖြစ်သည့် ၂၀၁၀ခုနှစ် ဧပြီလကမှ နိုင်ငံရေးပါတီအဖြစ် အသွင်းပြောင်းလဲခဲ့သော လူထုအခြေပြု လူမှုရေးအဖွဲ့အစည်း တစ်ဖြစ်လဲ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ တို့မှ ကျူးလွန်သော ရွေးကောက် ပွဲဆိုင်ရာ အကြမ်းဖက်မှုများကို အာရုံစိုက်မှတ်တမ်းပြုခဲ့သည်။


လေ့လာစောင့်ကြည့်မှုအား ပွင့်ပွင့်လင်းလင်း ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းပြုရာတွင် တပြည်လုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြည့်စုံစွာ မဆောင်ရွက်နိုင်ခဲ့သော်လည်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို ထင်ဟတ်စေပါသည်။ လူ့အခွင့်အရေး မှတ်တမ်းကွန်ရက်၏ အစီရင်ခံစာတွင် နိုင်ငံတဝှမ်းမှ အဖြစ်အပျက်များနှင့် လူ့အခွင့်အရေး ချိုးဖောက်မှု ၁၆ မျိုးပါဝင်ပါသည်။ ယခုအစီရင်ခံစာသည် ကွင်းဆင်း သုတေသနပြုသည့် မှတ်တမ်းပြုသူများက ကောက်ခံထားသည့် အချက်အလက်များကို အခြေပြုရေးသားထားပါသည်။


# သုသေတနမှ တွေ့ရှိချက်များ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် မှ ၂၀၁၀ ခုနှစ်ဇန္နဝါရီလမှ အောက်တိုဘာလအထိ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်း ၂၄၇ ကို အောက်ပါအတိုင်း စုဆောင်းကောက်ခံရရှိ ခဲ့ပါသည်။

| | |
|---|---|
| အကြမ်းဖက်ရန်ခြိမ်းခြောက်မှု၊ အနိုင်ကျင့်ဖိအားပေးမှုနှင့် အခြားသော ဖိနှိပ်ချုပ်ချယ်မှုများ | (၈၆ မှု) |
| လွတ်လပ်စွာ သွားလာခွင့်အား ကန့်သတ်ပိတ်ပင်မှု | (၂၃ မှု) |
| စိတ်ထင်တိုင်း တရားမဝင် ဖမ်းဆီး၊ ထိန်းသိမ်း ချုပ်နှောင်ထားမှု | (၁၅ မှု) |
| အဓမ္မ လုပ်အားပေးခိုင်းစေမှု | (၁၀ မှု) |
| လွတ်လပ်စွာ ထုတ်ဖော်၊ စုရုံး၊ အသင်းအဖွဲ့စည်းခွင့်ကို ငြင်းပယ် ပိတ်ပင်ခြင်း | (၃၁ မှု) |
| အသိအမြင်ဗဟုသုတရှိရှိ ဆုံးဖြတ်ချက်ပြုလုပ်ခွင့်ကို တားမြစ်ခြင်း | (၃၄ မှု) |
| ရွေးကောက်ပွဲတွင်ပါဝင်ခွင့်၊ အရွေးခံခွင့် တားမြစ်ခံရမှု | (၄၅ မှု) |
| ကိုယ်ထိလက်ရောက် အကြမ်းဖက်မှု | ( ၂ မှု) |
| အိုးအိမ်လယ်ယာ သိမ်းပိုက်မှုနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများ ဖျက်ဆီးမှု | ( ၁ မှု) |

ယခုအစီရင်ခံကာလအတွင်း အကြမ်းဖက်ရန်ခြိမ်းခြောက်မှု၊ အနိုင်ကျင့်ဖိအားပေးမှု၊ တရားမဝင် ငွေကြေးကောက်ခံမှုနှင့် အခြားသော ဖိနှိပ်ချုပ်ချယ်မှုများ၊ လွတ်လပ်စွာ ဖွင့်ဟ၊ စုရုံး၊ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ သွားလာခွင့်တို့အား ငြင်းပယ်ပိတ်ပင်မှုများ အဆက်မပြတ် ဖြစ်ပေါ်နေကြောင်း သုတေသန ပြုလုပ်ချက်က ညွှန်ပြလျှက်ရှိသည်။






သတင်းအချက်အလက် ကောက်ခံရာနေရာပြ မြေပုံ

# လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အကြောင်း

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့များ လူ့အခွင့်အရေး မှတ်တမ်းပြုခြင်းလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နည်းလမ်းတရပ် ဖြည့်ဆည်းပေးသော အားဖြင့် (၂၀၀၃) ခုနှစ်တွင် လူ့အခွင့်အရေး မှတ်တမ်းကွန်ရက်ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

ကွန်ရက်၏အဖွဲ့ဝင် (၁၃) ဖွဲ့တို့သည် မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းများတွင် မည်သို့သော ဒုက္ခဝေဒနာများ ခံစားနေရပုံအကြောင်း အဖြစ်မှန် အမှန်တရားကို စုပေါင်း အသုံးပြုကာ၊ လောလောဆယ် စည်းရုံးတိုက်တွန်း တင်ပြခြင်း နည်းလမ်းဖြင့် စစ်အစိုးရ၏ အာဏာကို စုပေါင်းစိန်ခေါ်ရန် ကြိုးစားနေ ကြပါသည်။ ထို့အပြင် နိုင်ငံရေး အသွင်ကူးပြောင်းရေးကာလတွင် တရားမျှတမှုနှင့် တာဝန်သိမှုရှိသော လုပ်ဆောင်ချက် အစီအစဉ်များ အတွက်လည်း ကြိုတင် ပြင်ဆင်ထားရန် ကြိုးစားနေပါသည်။

လူ့အခွင့်အရေး မှတ်တမ်းကွန်ရက်သည် ကွင်းဆင်း အချက်အလက် စုဆောင်းရေးလုပ်ငန်းများ အတွက် သင်တန်းများလည်း ပေးပါသည်။ Benetech မှ တီထွင်ထားသော လွတ်လပ်စွာ အခမဲ့သုံးနိုင်သော Open-Source Software ကို အသုံးပြုလျက် အဖွဲ့ဝင်များပေးသော သတင်းအချက်အလက်များကို ညှိနှိုင်းပြီး၊ ဘုံအချက်အလက်ဘဏ်မှာ ထည့်သွင်းပါသည်။ ထို့အပြင် ပူးတွဲအစီရင်ခံ တင်ပြခြင်းနှင့် စည်းရုံးလှုံ့ဆော်တိုက်တွန်းခြင်း လုပ်ရှားမှုများကိုလည်း ဆောင်ရွက်ပါသည်။ အခွင့်သင့်ပါက မိမိ၏ လုပ်ငန်းနယ်ပယ် မှန်သမျှတွင် အခြားသော လူ့အခွင့်အရေး အဖွဲ့များနှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

ကွန်ယက် အဖွဲ့ဝင်များ (၂၀၁၀ ခုနှစ်)

- နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (မြန်မာနိုင်ငံ)
- ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
- မြန်မာ့ရေးရာ
- ချင်းလူ့အခွင့်အရေးအဖွဲ့
- EarthRights International
- လူ့အခွင့်အရေး မှတ်တမ်းတင်ဌာန
- လူ့အခွင့်အရေး ပညာပေးဌာန (မြန်မာနိုင်ငံ)
- မွန်ပြည် လူ့အခွင့်အရေး ဖောင်ဒေးရှင်း
- လားဟူ အမျိုးသမီး အစည်းအရုံး
- ကချင်အမျိုးသမီး အစည်းအရုံး – ထိုင်းနိုင်ငံ
- ပလောင်အမျိုးသမီး အစည်းအရုံး
- တအာင်း ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
- ရှိုးမ ၃ သတင်းဌာန

# နိဒါန်း

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် မြန်မာပြည်သူပြည်သားတို့နှစ် အနှစ် နှစ်ဆယ်အတွင်း ပထမဆုံးအကြိမ် ကျင်းပသည့် ရွေးကောက်ပွဲတွင် မဲပေးခဲ့ကြသည်။ နှစ်ပေါင်းနှစ်ဆယ်အတွင်း ပထမဆုံးပြန်လည်ကျင်းပသည့် ရွေးကောက်ပွဲသည် အောင်ပွဲတစ်ခု ဖြစ်သင့်ခဲ့သော်လည်း လူထုဆန္ဒမဲအတွက် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ စနစ်တကျကျူးလွန်နေသည့် အကြမ်းဖက်မှုနှင့် ဖိနှိပ်ချုပ်ချယ်မှုများဖြင့် ပြည့်နှက်နေသည်ကိုသာ တွေ့ရသည်။ ထိုရွေးကောက်ပွဲသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၏ တိုးတက်မှု တစ်ခုထက် စစ်အုပ်ချုပ်မှု ယန္တရားစနစ်အား အခိုင်အမာအုတ်မြစ်ချသည့် ရွေးကောက်ပွဲပင် ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်သည့်အဖွဲ့အစည်း မဟုတ်သည့်အပြင် မဲပေးသူများ၊ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံသည့် ကိုယ်စားလှယ်များ၊ ပါဝင်ယှဉ်ပြိုင်သည့် ပါတီများ၏ လွတ်လပ်၍ တရားမျှတမှုအတွက် ဘက်မလိုက် အာမခံစောင့်ကြပ်ပေးနိုင်သည့် အဖွဲ့အစည်း တစ်စုံတစ်ခု မရှိခဲ့ပါ။ စစ်တပ်တစ်ပိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မတရားသဖြင့် အသာစီးရယူကာ စည်းရုံးလှုံ့ဆော်မှုများနှင့် မဲဆွယ်မှုများ ပြုလုပ်နေကြောင်း ယခုအစီရင်ခံစာက ထင်ထင်ရှားရှားဖြစ်အောင် ဖော်ထုတ်လိုက်ပါသည်။ ထိုပါတီက စစ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်သည့် အာဏာအရင်းအမြစ်များကို လိုသလို အသုံးပြုနိုင်ခဲ့သည်။

ကြံ့ဖွံ့ပါတီ ခေါင်းဆောင် အများစုမှာ စစ်ဗိုလ်ချုပ်ဟောင်းများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ရာထူးကြီး ခေါင်းဆောင်များဖြစ်သည်။ ရွေးကောက်ပွဲ အစောပိုင်းကာလတွင်ပင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၄င်း၏ လူထုအသင်း အဖွဲ့ဖြစ်သည့် ကြံ့ဖွံ့အသင်းကို ဖျက်သိမ်းရန်နှင့် ၄င်းပိုင် ပစ္စည်းများအားလုံးကို ကြံ့ဖွံ့ပါတီအား ရွေးကောက်ပွဲတွင် အနိုင်ရရေးအတွက် အသုံးပြုရန် လွှဲပြောင်းရယူခွင့် ပြုခဲ့သည်။ ကြံ့ဖွံ့အသင်းတွင် အဖွဲ့ဝင် စုစုပေါင်း ၂၅ ဒသမ ၅ သန်းရှိခဲ့ပြီး ကြံ့ဖွံ့ပါတီတွင် အဖွဲ့ဝင်စုစုပေါင်း ၁၈ သန်းခန့်ရှိသည်။ ယခုအပြောင်းအရွှေ့က စစ်တပ်၏ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အာမခံချက်ပေးခဲ့သည်။ ဖွဲ့စည်းပုံဥပဒေအရ လွှတ်တော်တွင်း စစ်တပ်က ၂၅ ရာခိုင်နှုန်း ကြိုတင်နေရာယူထားမှုနှင့် ယခုအောင်ပွဲက ရှေ့လာမည့် ပါလီမာန်အသစ်တွင် စစ်တပ်က အလုံးစုံနီးပါး ထိမ်းချုပ်နိုင်လိမ့်မည် ဖြစ်သည်။

အစိုးရက ပြည်တွင်းပြည်ပ သတင်းဌာနများအပါအဝင် နိုင်ငံခြားနှင့် ပြည်တွင်းမှ လွတ်လပ်သည့် ရွေးကောက်ပွဲစောင့်ကြည့်မှုများကို ပိတ်ပင်ခဲ့သည်။ သို့သော် ကွန်ရက်၏ မှတ်တမ်းပြုသူများ၏ သတင်းပေးပို့ချက်များက ရွေးကောက်ပွဲအကြိုကာလကပင် စစ်အစိုးရ၊ ရွေးကောက်ပွဲကော်မရှင်နှင့် ကြံ့ဖွံ့ပါတီတို့က ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကျူးလွန်နေကြောင်း သက်သေခံလျှက်ရှိသည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ကွန်ရက်က ရွေးကောက်ပွဲဆိုင်ရာ လူ့အခွင့်အရေး ချိုးဖောက်မှုပေါင်း ၂၄၇ ခုကို မှတ်တမ်းပြုခဲ့သည်။ မဲဝယ်ခြင်း၊ စစ်သား၊ အစိုးရဝန်ထမ်းနှင့် သာမာန် ကျေးရွာသူရွာသားများထံမှ ကြိုတင်မဲကောက်ခံခြင်း၊ လူနည်းစု တိုင်းရင်းသားဒေသများရှိ ရွေးကောက်နယ်များအား ပိတ်ပင်ခြင်း၊ ခြိမ်းခြောက်မှုနှင့် ဖမ်းဆီးမှုများဖြင့် ရွေးကောက်ပွဲဆိုင်ရာ လိမ်လည်မှုကြီးများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်။

မိမိကြိုက်နှစ်သက်သည့် ပါတီကို လွတ်လပ်စွာ မဲပေးခွင့်သည် ရွေးကောက်ပွဲတိုင်း၏ အုတ်မြစ် အခရာဖြစ်သော်လည်း ဆန့်ကျင်ကန့်ကွက်မှုများ ပြောဆိုလုပ်ဆောင်သောသူများ အပြင် သာမာန်မဲဆန္ဒရှင်များမှာ ခြိမ်းခြောက်ခြင်းနှင့် ဖမ်းဆီး ထောင်ကျခြင်းများရှိခဲ့ပြီး ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲ၏ကြန်အင်လက္ခဏာများ မတွေ့ရှိရပါ။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ အစိုးရနှင့် သဘောမတူသူများ၊ ဒီမိုကရေစီအရေး တက်ကြွကြိုးပမ်းဆောင်ရွက်သူများအား ဖမ်းဆီးရန်နှင့် ရာဇဝတ်မှုဖြင့် တရားစွဲဆိုနိုင်ရန် အလွန်ဆိုးဝါး ပြင်းထန်လှသည့် ဥပဒေများ ရှိသည်။ ထိုဥပဒေများအား ရွေးကောက်ပွဲကြို ကာလ ရွေးကောက်ပွဲကို ဆန့်ကျင်ကန့်ကွက် ရှုံ့ချသည့် သူများအား အပြစ်ပေးအရေးယူရာတွင် အသုံးပြုခဲ့သည်။

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန်မှာ စစ်အစိုးရက ချမှတ်ကြေငြာထားသည့် ဒီမိုကရေစီ လမ်းပြမြေပုံ၏ အဆင့် ၅ ဖြစ်ပြီး လက်ရှိ ဆိုးဝါးလှသော စစ်အုပ်ချုပ်ရေးစနစ်အား ဆက်လက် ဖုံးကွယ်နိုင်ရန် အလှချယ်ထားသည့် ဟန်ပြရွေးကောက်ပွဲပင် ဖြစ်သည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လမ်းမှာ လူ့အခွင့်အရေး ချိုးဖောက်မှုများက အတားအဆီး ဖြစ်နေဆဲ ဖြစ်သည်။ ရွေးကောက်ပွဲကြို လုပ်ငန်းအဆင့်ဆင့်တွင် ဒီမိုကရေစီ စံဖြစ်သော လွတ်လပ်တရားမျှတမှုနှင့် ယုံကြည်လောက်သည့် အချက်များကို မတွေ့ရပါ။ လွတ်လပ်တရားမျှတပြီး ယုံကြည်လောက်သည့် ဒီမိုကရေစီ စံများကို ဖြစ်ထွန်းအောင် အကောင်အထည် မဖော်သေးသ၍ မြန်မာပြည်သူပြည်သားများ လိုလားသည့် စစ်မှန်သော ရွေးကောက်ပွဲ ဖြစ်လာမည် မဟုတ်ပဲ ရွေးကောက်ပွဲ အတုအယောင်သာ ဖြစ်နေမည် ဖြစ်သည်။ ရလာဒ်အား မည်ကဲ့သို့ ဖြစ်ပေါ်လာသည်ဖြစ်စေ ၂၀၁၀ ရွေးကောက်ပွဲသည် ရေတို လအနည်းငယ်မဟုတ်ပဲ ရေရှည် နှစ်များစွာ ဖြစ်ပေါ်လာမည့် ဖိနှိပ်မှု၏ အစပျိုးခြင်းပင် ဖြစ်သည်။

## ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ

မြန်မာနိုင်ငံကို ကြီးကြီးမားမား ထိခိုက်နစ်နာစေခဲ့သည့် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး တစ်ပတ်သာ ကြာမြင့်သေးသည့် အချိန် ၂၀၀၈ ခုနှစ် မေလ ၁၀ ရက် နေ့တွင် စစ်အစိုးရမှ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရန် လူထုဆန္ဒခံယူပွဲ ပြုလုပ်ခဲ့သည်။ ထိုဆန္ဒခံယူပွဲမှာလည်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပြည့်နှက်နေသည် တွေ့ရှိပေသည်။ အစိုးရက ဆန္ဒမဲများအား အတင်းအကျပ် ကြိုတင်ကောက်ခံခဲ့ပြီး၊ ဝန်ထမ်းများ၊ စစ်မှုထမ်းများက ကြိုတင်မဲ (ထောက်ခံသောမဲ) များ ထည့်ခဲ့ရသည့် မှတ်တမ်းများ အများအပြား ရှိခဲ့သည်။ နာဂစ်မုန်တိုင်းအပြီး မုန်တိုင်းဒုက္ခသည်များအား အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံသည့် မဲများ အတင်းအကျပ် ဆန္ဒပြုစေခဲ့သည်။ မုန်တိုင်းအတွင်း သေဆုံး၊ ပျောက်ဆုံးသွားသူများ၏ လက်မှတ်များပါ ပါဝင်နေခြင်းမှာ အကျဉ်းတန်လွန်းသော သာဓကများ ပင်ဖြစ်နေခဲ့သည်။ ဆန္ဒပြုရမည့် ရက်မတိုင်မီကပင် သေဆုံး၊ ပျောက်ဆုံးသွားသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြောင်း ကြိုတင်မဲပေးပြီး ဖြစ်နေခဲ့သည်။



လယ်ကွင်းထဲက ဖြစ်ကတတ်ဆန်း မဲရုံ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲ ကာလတွင် မဲမပေးရေးလှုပ်ရှားမှုအတွက် လူပေါင်း ၁၀၀ ကျော် မတရားဖမ်းဆီး အကျဉ်းချခံခဲ့ရသည်။ ၂၀၀၈ ခုနှစ် ဧပြီလ ၁၅ ရက်နေ့ နံနက် သင်္ကြန်ကာလတွင် NO စာတမ်းပါ တီရှပ်ဝတ်ဆင်၍ ရေကစားသည့် ကိုတင်ဝင်း ဖမ်းဆီးခံခဲ့ရသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့တွင်လည်း NO စာတမ်းပါ တီရှပ်ဝတ်ဆင်၍ ဖမ်းဆီးမှုများရှိခဲ့သည်။ လူငယ် ၆ ဦး ထိမ်းသိမ်းခံခဲ့ရပြီး အခြားသူအတော်များများမှာ အချိန်ကြာမြင့်စွာ တိမ်းရှောင်နေခဲ့ရသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများအား ကြံ့ဖွံ့နှင့် စွမ်းအားရှင်များက ယုတ်မာစွာ တိုက်ခိုက်မှုများခံခဲ့ရသည်။ ၂၀၀၈ ခုနှစ်မတ်လ ၂၆ ရက်နေ့ည ၉ နာရီခန့်တွင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ရက် (HRDP) မှ ဦးမြင့်အေး အား စမ်းချောင်းမြို့နယ် ပဒုမ္မာလမ်းနဲ့ ဗားဂရာလမ်းဒေါင့်တွင် အမည်မသိလူတဦးက ရိုက်နှက်ခဲ့ရာ ဦးခေါင်းတွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ မတ်လ ၃၁ ရက်နေ့နံနက် ၄ နာရီခန့်တွင် လှိုင်သာယာမြို့နယ် NLD ဥက္ကဋ္ဌ ဦးမြင့်လှိုင် (၇၂ နှစ်) အား အမည်မသိလူတဦး၏ ချောင်းမြောင်းရိုက်နှက်ခံခဲ့ရပြီး ဦးခေါင်းပေါက်ပြဲဒဏ်ရာအား ချုပ်ခဲ့ရသည်။

ဧပြီလ ၃ ရက် နံနက် ၂ နာရီခန့်တွင် လှိုင်သာယာမြို့နယ် NLD အဖွဲ့ဝင် ဦးတင်ယုသည် ကားဂိတ်တွင် ကားစောင့်နေစဉ် လူတစ်စုက နောက်ဖက်မှဝင်ရောက်တိုက်ခိုက်ခံရပြီးနောက်စေ့ကို ရိုက်မိ၍ ၁၅ ချက် ချုပ်ခဲ့ရသည်။ သင်္ကြန်ကာလတွင် တောင်ဒဂုံမြို့နယ် ရေကစားမဏ္ဍပ် တစ်ခုတွင် NO ဟုရေးသား၍ ရေကစားကြရာ ဧပြီလ ၁၇ ရက်ညနေ ၇ နာရီခွဲခန့်တွင် NO စာလုံး ရေးသားခဲ့သည့် ကိုသီဟန်နှင့် ကိုဝင်းသိန်းတို့ အိမ်သို့အပြန် မြို့သစ် ၄ လမ်းတွင် ကားတစီး ထိုးရပ်လာပြီး တုတ်များဖြင့် ရိုက်နှက်သွားခဲ့သည်။



ဦးတင်ယု (ဒဏ်ရာများနှင့် တွေ့ရစဉ်)

## ၂၀၁၀ ရွေးကောက်ပွဲအကြိုကာလ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီက ၂၀၁၀ ခုနှစ် မတ်လတွင် ရွေးကောက်ပွဲအား ကြီးကြပ်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကို ဖွဲ့စည်းခဲ့သည်။ ကော်မရှင်အဖွဲ့ဝင် ၁၈ ဦးတို့သည် စစ်တပ်က ခန့်အပ်ခဲ့သူများဖြစ်ပြီး စစ်အစိုးရကို ရှင်းရှင်းလင်းလင်းဘက်လိုက်ကြောင်း ပြသခဲ့သည်။ ၎င်းတို့၏ အခန်းကဏ္ဍ တစ်စိတ်တစ်ပိုင်းမှာ စစ်ဗိုလ်ချုပ်များအား ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ကိစ္စ ကြီးငယ်တို့ကို အစီရင်ခံ တင်ပြရခြင်း ဖြစ်သည်။ ၎င်းတို့သည် စစ်အစိုးရ ကျောထောက်နောက်ခံပေးထားသော ပါတီများနှင့် အတိုက်အခံပါတီများအပေါ်တွင် ခွဲခြားသတ်မှတ် ဆက်ဆံခဲ့သည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သည် ရွေးကောက်ပွဲ ကော်မရှင်က ကျူးလွန်းသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း မှတ်တမ်းပြု ခဲ့ပါသည်။

ရွေးကောက်ပွဲကြိုကာလတစ်လျှောက်လုံးတွင် ကုလသမဂ္ဂ အေဂျင်စီများ၊ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများက နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲအား ဘက်လိုက်မှုမရှိခြင်း၊ တရားမျှတမှုနှင့် ယုံကြည်စိတ်ချရမှုများကို အကဲဖြတ်တိုင်းတာရန် လေ့လာစောင့်ကြည့်ခွင့် တောင်းဆိုခဲ့သည်။ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ပြီး လွတ်လပ်သည့် နိုင်ငံတကာ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းခွင့် တောင်းဆိုချက်ကို စစ်အစိုးရက ရှင်းရှင်းလင်းလင်း ငြင်းဆန် ပိတ်ပင်ခဲ့သည်။ ၂၀၁၀ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမေရိကန်ပြည်ထောင်စု လက်ထောက် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံရာတွင်လည်း မြန်မာ့ ရွေးကောက်ပွဲကို စောင့်ကြည့်ရန်အတွက် နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး အဖွဲ့အစည်းများကို ခွင့်ပြုသွားမည် မဟုတ်ကြောင်း တရားဝင်ပြောဆိုခဲ့သည်။ မေလ ၁၂ ရက်နေ့တွင်လည်း နိုင်ငံပိုင် သတင်းစာများက ထိုနည်းတူ ရေးသားပြောဆိုခဲ့သည်။

တဖန် စစ်အစိုးရက နိုင်ငံခြားနှင့် ပြည်တွင်း သတင်းဌာနများ အနေဖြင့် မြန်မာနိုင်ငံအတွင်း ရွေးကောက်ပွဲအား လေ့လာစောင့်ကြည့်ခွင့်နှင့် သတင်းရေးသားခွင့်ရမည် မဟုတ်ကြောင်း ကြေငြာခဲ့သည်။ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၎င်းတို့ ရုံးအခြေစိုက်ရာ နေပြည်တော်တွင် မဲမည်ကဲ့သို့ ပေးရမည်ကို အကျဉ်းချုန်း ရှင်းလင်းမှုပြုလုပ်ခဲ့သည်။ နိုင်ငံခြား သံရုံးများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားနှင့် ပြည်တွင်း သတင်းဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များအား ထိုအခမ်းအနားကို ပြသခဲ့သည်။ ထိုအခမ်းအနားအပြီးတွင် ကော်မရှင် ဥက္ကဋ္ဌက မဲဆန္ဒပြုသူများ လွတ်လပ်စွာနှင့် လျှို့ဝှက်စွာ မဲပေးနိုင်ရေးအားရည်ရွယ်၍ ရွေးကောက်ပွဲနေ့ မဲရုံအနီး တဝိုက်တွင် သတင်းဌာနများအား ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးခွင့် မပြုကြောင်း ကန့်သတ်ချက်များ ထားရှိကြောင်း ပြောကြားခဲ့သည်။

# ရွေးကောက်ပွဲအကြိုကာလ လူ့အခွင့်အရေးချိုးဖောက်မှုများ

## အကြမ်းဖက်မည်ဟုခြိမ်းခြောက်မှု၊ အနိုင်ကျင့်ဖိအားပေးမှုနှင့် အခြားသော ဖိနှိပ်ချုပ်ချယ်မှုများ

### တရားမဝင်ငွေကြေးကောက်ခံခြင်း

ရွေးကောက်ပွဲကြိုကာလအတွင်း နမ့်ခမ်းမြို့နယ် အတွင်းရှိ မန်စက်ကျေးရွာ၊ မန်းပူးကျေးရွာနှင့် နမ့်စိတ်ကျေးရွာများတွင် ဒေသခံ ပြည်သူ့စစ်များက လုံခြုံရေးအကြောင်းပြ၍ တအိမ်ထောင်လျှင် ၁၅၀၀၀ ကျပ်နှုန်း အတင်းအကျပ်ကောက်ခံခဲ့သည်။ မန်စက်ကျေးရွာတွင် အတင်းအဓမ္မ ငွေကောက်ခံသွားသူမှာ ဦးအောင်ဆာ ဖြစ်တယ်။ ရွာသူ၊ ရွာသားများအား ထိုငွေများကို မည်သည့်နေရာတွင် အသုံးပြုမည်ဖြစ်ကြောင်း အသိပေးခြင်း မရှိပါ။

'ပြည်သူ့စစ်တွေက လုံခြုံရေးအတွက်ဆိုပြီးငွေကောက်တယ်။ ဒါပေမယ့် လုံခြုံရေး ကင်းလှည့်တာ ကိုလည်း မတွေ့ရဘူး' ဟု ရပ်ကွက်သားတစ်ဦးက ပြောသည်။[၁]

ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ်၊ ပါလင်ကျေးရွာဥက္ကဋ္ဌဦးကျော်လှနှင့် စာရေး မောင်ရန်နောင်ဝင်းတို့ သည် မဲရုံဆောက်လုပ်ရေးအတွက်ဟုဆိုကာ ၂၀၁၀ ခုနှစ် ဇူလိုင်လအတွင်း ပါလင်ရွာအတွင်းရှိ အသက် ၁၈နှစ် ပြည့်ပြီးသူတိုင်း တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ စီ ကောက်ခံခဲ့ပါသည်၊ ထို့အပြင် ဦးကျော်လှနှင့် မောင်ရန်နောင်ဝင်းတို့သည် ကျောက်မဲမြို့နယ် အတွင်းရှိ ကျောက်ဖြူ၊ ပန်လော့၊ ပန်းလုံ၊ တွန်ဆန် စသည့် ကျေးရွာများတွင်လည်း ကောက်ခံခဲ့ပြီး တစ်ရွာနှင့်တစ်ရွာ ငွေကြေးပမာဏ မတူညီကြပဲ အချို့ရွာများတွင် တစ်ဦးလျှင် ၆၀၀ ကျပ်နှင့် အချို့ရွာများတွင် ၈၀၀ ကျပ် ပေးဆောင်ရပါသည်။[၂]

၂၀၁၀ ဩဂုတ်လ (၂၀) ရက်နေ့တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ မြို့မရပ်ကွက်တွင် ဆိုင်ကယ်လိုင်စင် ပြုလုပ်ရန် ငွေများ အဆမတန် ကောက်ခံခဲ့သည်။ ဆိုင်ကယ်တစီးလျှင် လိုင်စင်လုပ်ခ ငွေကျပ် (၂၅၀၀၀၀) (နှစ်သိန်းငါးသောင်း) ကျပ် ပေးဆောင်ကြရသည်။ ရွေးကောက်ပွဲအတွက် ကြံ့ဖွံ့ရံပုံငွေရှာခြင်းဖြစ်သည်ဟု ဆိုသည်။ ဒေသခံများက

'ဒီလို လိုင်စင်လုပ်ခဈေးကြီးတာက ပြည်သူတွေဆီက မတရား ယူလိုက်တာနဲ့ အတူတူဘဲ။ လိုင်စင်မလုပ်ပြန်ရင်လဲ ရှိစုမဲ့စုနှင့်ဝယ်ထားတဲ့ ဆိုင်ကယ်အသိမ်းခံရမှာလဲစိုး၊ လိုင်စင်လုပ်ပြန် တော့လဲ လိုင်စင်ခ ဈေးအရမ်းကြီး၊ ဒါကြောင့် ရွာသားများ အရမ်း စိတ်ဒုက္ခဖြစ်နေကြတယ်။ ပိုဆိုးတာက အခုဒီဒေသမှာဆို ဆိုင်ကယ်လိုင်စင် လုပ်နိုင်ဖို့ကလည်း မလွယ်ကူလှဘူး။ လူတွေက အကျပ်အတည်းနဲ့ ကြုံနေရတယ်။'[၃]

နိုင်ငံသားမှတ်ပုံတင်ကဒ်များအတွက် အခွန်များ ပိုမိုပေးရကြောင်းကို သတင်းအချက်အလက်များ ရရှိခဲ့သည်။ ဇူလိုင်လ ပထမပတ်မှစ၍ ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် ရခိုင်ပြည်နယ်၊ ဂွမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ အသက် (၁၈) နှစ် ပြည့်ပြီးသူနှင့် နိုင်ငံသား စိစစ်ရေးကတ် မရှိသေးသူများအတွက် နိုင်ငံသားစိစစ်ရေး ကဒ်ပြားပြုလုပ်ရန် ၁၀၀၀ ကျပ် ကောက်ခံခဲ့သည်။[၄]

---

၁ PWO အင်တာဗျူး

၂ PWO အင်တာဗျူး

၃ KWAT အင်တာဗျူး

၄ AASYC အင်တာဗျူး

## ခြိမ်းခြောက် မဲဆွယ်ခြင်း

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်များ ဖြစ်သည့် ဦးအောင်ဌေးဦးနှင့် ဦးစံရွှေမောင်တို့သည် စက်တင်ဘာ ပထမပတ်အတွင်း ရွာပေါင်း ၁၀၀ ကျော်တွင် စည်းရုံးခဲ့သည်။ လူထုအား ဟောပြောရာတွင် ကြံ့ဖွံ့ပါတီအား မဲပေးရမည်ဖြစ်ကြောင်း၊ အကယ်၍ ဤရွာမှ ကြံ့ဖွံ့အား မဲမပေးလျှင်လည်း ကြံ့ဖွံ့ပါတီဟာ နိုင်ငံလုံး အတိုင်းတာနဲ့ အနိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကျေးရွာရယကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလည်း အကယ်၍ ကြံ့ဖွံ့ပါတီ မဲအနိုင်မရသည့် ကျေးရွာတွင် ရာထူးမှ အဖြုတ်ခံရမည် သို့မဟုတ် ရပ်ဝေးသို့ ပြောင်းရွှေ့ခံရမည်ဟု ပြောဆိုသည်။[၅]

၂၀၁၀ အောက်တိုဘာလအတွင်းတွင် ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ် အတွင်းရှိ အနီးအနားရှိ ရွာများအား အာဏာပိုင်များက အတင်းအကျပ်အစည်းအဝေး ခေါ်ယူခဲ့သည်။ အစည်းအဝေးအတွင်း ကြံ့ဖွံ့ပါတီနှင့် ပအိုးဝ်အမျိုးသားပါတီတို့ ပူးတွဲ၍ ပါတီစည်းရုံးရေးများလုပ်ပြီး ၎င်းပါတီ ၂ ခုကိုပဲ မဖြစ်မနေ မဲပေးကြဖို့ မပေးလျှင် ရွာသားများ ဒုက္ခများစွာနှင့် ရင်ဆိုင်ရနိုင်ကြောင်း ခြိမ်းခြောက် စည်းရုံးခဲ့သည်။[၆]

ဘိုကလေးမြို့နယ်အတွင်းရှိ သာဖြန်း၊ ဂရမ်ဒိုင်နှင့် သဇင်ကုန်းနယ်များမှ ဒေသခံများအား အကယ်၍ ကြံ့ဖွံ့ပါတီအား မဲမထည့်ပါက ၄င်းတို့၏ အလုပ်များ ဆုံးရှုံးမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။[၇]

သားဖြစ်သူ ဆေးကျောင်းသားအား ဒုက္ခပေးမည်ဟု ခြိမ်းခြောက်မှုကြောင့် ၎င်း၏ လုံခြုံရေးအတွက် အဖေဖြစ်သူက USDP အား မဲပေးမည်ဟု ကတိပေးရသည်။ ၂၀၁၀ စက်တင်ဘာ ၁၈ ရက်နေ့တွင် မကြာသေးမီကမှ All Mon Region Democratic Party မဲဆွယ်ပွဲအား တက်ရောက်ခဲ့သူ ကျိုက်မရော မြို့နယ်တွင် နေထိုင်သူတစ်ဦးက မြို့နယ်ရဲမှူးအား USDP အား မဲပေးမည်ဟု ကတိပေးခဲ့ရသည်။ ရဲမှူးက အကယ်၍ ကြံ့ဖွံ့အား မဲမထည့်ပါက သူ၏သား ဒုက္ခရောက်မည် ဖြစ်ကြောင်း ပြောကြာခဲ့သည်။ ထိုသူက

> 'ကျနော့်ကို ဘာဖြစ်လို့ All Mon Region Democratic Party စည်းရုံးရေး ဆင်းတုန်းက သူတို့ ဥက္ကဋ္ဌပြောတာကို ဘာလို့သွားနားထောင်တာလဲ မေးတော့ ကျနော်က သူတို့အဖွဲ့ကို လေ့လာချင်လို့ ပြီးတော့ ကျနော်တို့က ဒီနိုင်ငံရေးပါတီတွေကို မဲပေးရမယ့်သူ တွေ ဖြစ်တယ်။ သူတို့ရဲ့ ပေါ်လစီတွေကို ရှင်းလင်း သေချာအောင်သိချင်လို့ မဟုတ်ရင် သူတို့ ဘယ်သူလဲဆိုတာ ကျနော်ဘယ်သိနိုင်မလဲလို့ ပြီးတော့ ပါတီတခုရဲ့ ရပ်တည်ချက်တွေကို မသိဘဲ ထောက်ခံဖို့ ဆိုတာခက်ခဲတယ် ကျနော်ပြန်ပြောပါတယ်။ ကျနော့်ကို ငါသိတယ် နင့်သား ဆေးကျောင်းတက်နေတယ်။ သူ ပညာသင်နေတဲ့အချိန်မှာ သူဒုက္ခရောက်အောင် မင်းမြင်ချင်လားဆိုပြီး ကျနော့်ကို ပြန်ခြိမ်းခြောက်ပါတယ်။ ပြီးတော့ ကျနော့်ကို ခင်ဗျားက ကောင်းတဲ့၊ တော်တဲ့ ကြံ့ဖွံ့ပါတီကိုဘဲ စဉ်းစားရမယ်ပြောတယ်။ ပြီးတော့ သူ့ကိုလည်း ကြံ့ဖွံ့ကို မဲထည့်ပါမယ်လို့ ဂတိပေးခဲ့ရတယ်။'[၈]

၂၀၁၀ စက်တင်ဘာလ ၅ ရက်မှစ၍ မုဒုံမြို့နယ် ကြံ့ဖွံ့အဖွဲ့ဝင်များသည် မြို့နယ်တွင်းရှိ ရွာပေါင်း ၁၉ ရွာတွင် လာရောက်မဲဆွယ်စည်းရုံးခဲ့သည်။ အစိုးရကျောင်းနဲ့ ဘုန်းကြီးကျောင်းများတွင် ကျင်းပသည့် အစည်းအဝေးများအား ကျေးရွာမှ တအိမ်တယောက်စီ အစည်းအဝေး မတက်မနေရ တက်ရောက်ခဲ့ရသည်။

---

၅ AASYC အင်တာဗျူး

၆ HRDU အင်တာဗျူး

၇ Yoma3 အင်တာဗျူး

၈ HURFOM အင်တာဗျူး

အစည်းအဝေးတွင် မဲပေးရင် ကြံ့ဖွံ့ပါတီကိုသာ မဲပေးရမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။[၉]

## မက်လုံးပေးမဲဆွယ်စည်းရုံးခြင်း

ကြံ့ဖွံ့သည် အဖွဲ့ဝင်များနှင့် ထောက်ခံသူများတိုးပွားလာအောင် မက်လုံးပေးစည်းရုံးမှုများလုပ်ဆောင်လျက်ရှိသည်။ ၂၀၁၀ ခုနှစ် ဧပြီလတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆမ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လူငယ်ခေါင်းဆောင်များနှင့် ဆရာ/ဆရာမများအား အကယ်၍ ဒေသခံများအား ကြံ့ဖွံ့အား မဲပေးရန် စည်းရုံးနိုင်ပါက ငွေကြေးနှင့် ပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဂတိပေးခဲ့သည်။

ဦးခွန်ပွင့်ဦးဆောင်သည့် ကြံ့ဖွံ့ပါတီဝင်က ကျေးရွာသူရွာသားများက ကြံ့ဖွံ့ပါတီအားမဲထည့်မည်ဆိုပါက ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၅ သိန်း၊ ကွန်ပြူတာ၊ ဆယ်လူလာ ကြိုးမဲ့ဖုန်းနှင့် ဓာတ်ဆီဖိုးများအား ရွေးကောက်ပွဲနေ့အတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မက်လုံးပေး မဲဆွဲစည်းရုံးမှုများ ပြုလုပ်ခဲ့သည်။[၁၀]

၂၀၁၀ မေလ ၁၂ ရက်နေ့ တွင် ကချင်ပြည်နယ်၊ ပူတာအိုခရိုင် ကြံ့ခိုင်ရေးပါတီမှ မချမ်းဘောမြို့၊ အင်ဘိုဘော်ကျေးရွာတွင် နံနက် ၆ နာရီမှ ညနေ ၄ နာရီထိ ကြံ့ခိုင်ရေးအားမဲပေးရန် စည်းရုံးရေးဆင်းခဲ့ပါသည်။ ယင်းတို့စည်းရုံးရေးဆင်းရာတွင် ရွာသားများကို ပိုက်ဆံ ၅၀၀၀ ကျပ် အတင်းပေးပြီး နာမည်စာရင်းများကို ကြိုတင်မဲအဖြစ် ကောက်ခံကြသည်။ ရွာသားများမှာ စိတ်ပါဝင်စားမှု မရှိသော်လည်း အတင်းအကြပ်ပြုလုပ်ခံခဲ့ရပါသည်။ အင်ဘိုဘော်ကျေးရွာမှ စုစုပေါင်း ရွာသား ၈၄ ဦး၏ နာမည်များအား ကောက်ခံသွားပြီး တစ်ချိန်တည်းတွင် ကချင်ပြည်နယ် တိုးတက်ရေးပါတီအား ရွေးကောက်ပွဲဝင်ခွင့်ပြုမည်မဟုတ်ကြောင်း ကြံ့ခိုင်ရေးအဖွဲ့ကို မဲမပေးလျှင်လည်း ကြံ့ခိုင်ရေး အဖွဲ့က အနိုင်ရပြီးသားဖြစ်ကြောင်း ပြောသည်။[၁၁]

ထိုသူများပင် ၂၀၁၀ မေလ ၁၃ ရက်နေ့တွင် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ အင်ဝိုင်းဘော် ကျေးရွာတွင်လည်း အထက်ပါနည်းတူ ပြုလုပ်သွားခဲ့သည်။[၁၂]

ကျောက်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ တို့သည် ၂၀၁၀ ခုနှစ် မေလ အတွင်း ကျောက်ဖြူမြို့နယ်၊ ကျောက်ပြောက် ကျေးရွာအုပ်စု၊ ဝမျောင်ကျေးရွာတွင် မူလတန်းကျောင်းများကို မူလတန်းလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ပေးမည်ဟု ပြောကြားခဲ့သည်။ သို့သော် အပြန်အလှန်အားဖြင့် ကျေးရွာသားများမှ ကြံ့ဖွံ့ပါတီအား ထောက်ခံမဲ ပေးရမည်ဟု တောင်းဆိုခဲ့သည်။ ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများ သဘောတူသဖြင့် တရားဝင် မူလတန်းလွန်ကျောင်းအဖြစ် အသိအမှတ်ပြုခဲ့ပြီး ထိုကျောင်းများတွင် ၈ တန်း အထိ သင်ကြားနိုင်ပြီ ဖြစ်သည်။[၁၃]

---

၉ HURFOM အင်တာဗျူး

၁၀ TSYO အင်တာဗျူး

၁၁ KWAT အင်တာဗျူး

၁၂ KWAT အင်တာဗျူး

၁၃ AASYC အင်တာဗျူး

## ကြံ့ဖွံ့ပါတီဝင်အဖြစ် အတင်းအဓမ္မစုဆောင်းခြင်း

ပုသိမ်မြို့ခံ မျက်မြင်သက်သေ တစ်ဦးက

'သူတို့ မဲဆွယ်တုန်းက ကြံ့ခိုင်ရေးကဒ်ကို သူတို့က ပေးတယ်၊ အဲဒီကဒ်ပေးရင် ခရီးသွားလို့ ကောင်းတယ်ပေ့ါ။ တကယ့် နိုင်ငံသားမှတ်ပုံတင်ကဒ်အတိုင်းပဲ။ ဒီကဒ်ကို ဖြရင်လဲဖြလိုက်ပါ၊ ဒါပေမယ့် ကျုပ်တို့ကို ခင်ဗျားတို့ မဲထည့်ပါ ဆိုပြီး အောက်ခြေသိမ်းပြော စည်းရုံးနေတာပါ။ ဝင်တဲ့သူတွေ အားလုံးကို ဆန္ဒမဲကောက်ယူလိုက်တာ၊ လူထုက မသိတော့ နားယောင်တာပေ့ါ' ဟု ကိုယ်တိုင်စည်းရုံးခံရသူ ဒေသခံက ပြောဆိုခဲ့သည်။[14]

ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲခရိုင် မန်တုန်မြို့နယ်တွင်ရှိသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီဝင် ဦးလုကျော်သည် မေလ ၂၄ရက်နေ့တွင် မန်တုန်မြို့နယ် ဆိုင်လိန်းအုပ်စုတွင် ရှိသော ကျေးရွာ ၁၂ ရွာမှ ရွာသူရွာသားများကို ဖောင်များဖြည့်ခိုင်းကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွင်းသို့ အတင်းအဓမ္မဝင်ခိုင်းပြီး အိမ်ထောင်စု စာရင်းများလည်း ဖြည့်ခိုင်းသည်ဟု သိရှိရပါသည်။ ဒေသခံတစ်ဦးက

'ဆိုင်လိန်းအုပ်စုကို ကြံ့ဖွံ့ပါတီက ပါတီဝင်တွေရောက်လာပြီး ဖောင်တွေ ဖြည့်ခိုင်းတယ်။ ပါတီထဲအတင်းဝင်ခိုင်းပါတယ်။ ပြည်သူတွေကလည်း ဘာကြောင့် ဝင်ရသလဲ ဆိုတာကို သေသေချာချာ မသိဘူးဖြစ်နေတယ်' ဟု ပြောသည်။[15]

ထိုကဲ့သို့ပင် နမ့်ခမ်းမြို့နယ်တွင်လည်း ကြံ့ဖွံ့ပါတီကို မဝင်မနေရ အတင်းအဓမ္မ ဝင်ခိုင်းနေကြောင်း သိရှိရပါသည်။ နမ်းခမ်းမြို့ခံတစ်ဦးက

'ပါတီဝင်လျှောက်လွှာမှာတော့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရည်ရွယ်ချက်နှင့် မူဝါဒများကို ယုံကြည်ပါသဖြင့် ပါတီဝင်တစ်ဦး အဖြစ် ပါဝင်ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည် လို့ ရေးထားတယ်' ဟု ဒေသခံတဦးမှ ပြောပြခဲ့သည်။[16]

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကမာမိုကျေးရွာ ကြံ့ဖွံ့ပါတီမှ ဥက္ကဋ္ဌဟောင်း ဦးတင်ရှိန်က ၄င်းတို့ ပါတီအတွက် ပါတီဝင်များကို ရွာအစည်းအဝေးလုပ်သည့်ပုံစံဖြင့် ကျေးရွာ ဘုန်းကြီးကျောင်းတွင် ရွာသူ၊ ရွာသားများကို ခေါ်ယူ၍ မိမိတို့ပါတီကို ဝင်ရောက်ကြရန်နှင့် မိမိတို့ပါတီသို့ဝင်ရောက်ပါက အခြားပါတီများထက် အခွင့်အရေးရပါကြောင်း၊ ဘယ်နေရာဘဲသွားသွား မကြောက်ရကြောင်း၊ စသဖြင့် ပြောကြားကာ တက်ရောက်လာသူများကို ၄င်းတို့သဘောဖြင့် ဓာတ်ပုံရိုက်ကာ ပါတီဝင်များအဖြစ် သိမ်းသွင်းခဲ့သည်။[17]

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဖတ်ကာကျေးရွာရှိ ရွာခံပြည်သူများကိုကြံ့ဖွံ့ပါတီဝင် ကိုယ်စားလှယ်များ ဖြစ်သော နမ့်ဖတ်ကာ အခြေစိုက် ဦးယိုင်မွန်းနှင့် ဦးလျှို့ဂျား တို့ဦးဆောင်သည့်ကြံ့ဖွံ့အဖွဲ့က ဩဂုတ်လ ဒုတိယပတ်မှ အတင်းအဓမ္မကြံ့ဖွံ့ပါတီ ဝင်ခိုင်းခြင်းများပြုလုပ်သည်ဟု နမ့်ဖတ်ကာရွာသား တစ်ဦးထံမှ သိရှိရသည်။

'ဦးယိုင်မွန်းနှင့် ဦးလျှို့ဂျားနဲ့အဖွဲ့ဝင်တွေက ရွာကိုရောက်လာတယ်။ တစ်အိမ်ပြီး တစ်အိမ် ကြံ့ဖွံ့အဖွဲ့ဝင် ကဒ်လုပ်ဖို့ ကိုယ်တစ်ပိုင်းပုံရိုက်တယ်။ နောက်ပြီးမှတ်ပုံတင်ရှိတဲ့သူကို မှတ်ပုံတင် နံပါတ်နဲ့ နာမည်စာရင်းလည်း ကောက်မှတ်သွားတယ်' ဟု ပြောသည်။ ဆက်လက်၍

---

[14] Yoma3 အင်တာဗျူး

[15] PWO အင်တာဗျူး

[16] PWO အင်တာဗျူး

[17] HREIB အင်တာဗျူး

'မှတ်ပုံတင်ရှိတဲ့သူတွေကိုကျတော့ မှတ်ပုံတင်နံပါတ်ကောက်ယူတယ်။ ကချင်၊ ပလောင်၊ တရုတ်ဖြစ်ဖြစ် မရှိသေးတဲ့ သူတွေကိုသူတို့ မှတ်ပုံတင်လုပ်ပေးမယ်လို့ လည်းပြောတယ်' ဟု သူကဆက်ပြောသည်။ ၎င်းရွာခံပြည်သူများသည် မှတ်ပုံတင်နံပါတ်နှင့် ကိုယ်တစ်ပိုင်းပုံများရိုက်ရသော်လည်း အဘယ်ကြောင့် ရိုက်ရသည်ကို နားလည်ရန်ရှင်းပြခြင်းမရှိပေ။ အလားတူပင် နမ့်ဖတ်ကာရွာဝန်းကျင်ရွာငယ်များကိုလည်း ဤလိုအတင်းဓါတ်ပုံရိုက်ခိုင်းခြင်း၊ မှတ်ပုံတင်နံပါတ်မှတ်ယူခြင်း၊ နာမည်စာရင်းတောင်းခံခြင်း စသည်ကိုလုပ်ဆောင်ပြီး 'အခုမင်းတို့ ကြံ့ဖွံ့ပါတီ ဖြစ်နေပြီ။ မဲထည့်တဲ့အချိန်ကျရင် ကြံ့ဖွံ့ပါတီကိုသာထည့်ရမည်' ဟုလည်း ပြောဆိုသွားခဲ့သည်။ [၁၈]

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကမာမိုကျေးရွာ ဥက္ကဋ္ဌက ရွာခံအမျိုး သမီးများအား မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့များအဖြစ် အတင်း ဝင်ရောက်စေခဲ့သည်။ လာမည့် ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီဝင်အဖြစ် ထည့်သွင်းထားတယ်။

'မဝင်ရင် မရပါဘူး။ အခု ကျမတို့ စိုးရိမ်နေတာက ကျမတို့ မှတ်ပုံတင်နံပတ်တွေ၊ အိမ်ထောင်စု စာရင်းတွေအားလုံးကို ဥက္ကဋ္ဌတို့က စာရင်းယူထားတယ်။ အဲဒါကြောင့် ကိုယ်ထည့်ချင်တဲ့ ပါတီကို ထည့်လို့ရပါ့မလားဆိုတာကို စိုးရိမ်နေရပါတယ်။ ရွာက ရယက အဖွဲ့တွေနဲ့ ပတ်သက်တဲ့ သူတွေအားလုံး ဒီလိုဘဲ ခံနေရပါတယ်။' [၁၉]

## အစိုးရဝန်ထမ်းများအား ကြံ့ဖွံ့ပါတီဝင်အဖြစ် စာရင်းကောက်

အစိုးရဝန်ထမ်းများအား ကြံ့ဖွံ့ပါတီဝင်အဖြစ် အတင်းအကျပ်သွတ်သွင်းလျှက်ရှိသည်။ ၂၀၁၀ ခုနှစ် ဇွန်လ ၁၈ ရက် တွင်၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၊ ကမာမိုကျေးရွာတွင် အစိုးရဝန်ထမ်းများနှင့် ဘွဲ့ရထားသူတိုင်းကို မှတ်ပုံတင်နံပတ်၊ မွေးသက္ကရာဇ်၊ အဘအမည်၊ ပညာအရည်အချင်း တို့ကို ရေးသားရပြီး၊ ဘာအတွက်လဲ ဟု မေးသည့်အခါ ရပ်ကွက်လူကြီး ဦးရှားက

'ဒါက အစိုးရပါတီဝင်အဖြစ် (ကြံ့ဖွံ့ပါတီ) ဝန်ထမ်း အားလုံးကို အထက်က ညွှန်ကြားချက် အတိုင်း လိုက်လံစာရင်းကောက်ပေးရတယ်။ ရွာတိုင်းကို စာရင်းကောက် ထားခိုင်းတယ်။ မင်းတို့အားလုံး စိုးရိမ်စရာ မလိုဘူး။ ဝန်ထမ်းဖြစ်နေရင် လုပ်ရမှာပဲ' ဟုဆိုကာ အထက်ပါ အချက်အလက်များပါသည့် ဖောင်ကို ဖြည့်ခိုင်းခဲ့သည်။ ထို့နောက် ရယက မှ မယက သို့ တင်ပေးရကြောင်း သိရသည်။[၂၀]

၂၀၁၀ အောက်တိုဘာလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်ရှိ ကြံ့ခိုင်ရေးပါတီ စည်းရုံးရေးအဖွဲ့ ဦးချစ်တင် ဦးဆောင်၍ အစိုးရဌာနများမှ ဝန်းထမ်းများအားလုံး ခြင်္သေ့တံဆိပ်ကိုသာ မဲထည့်ရမည်ဟု လိုက်လံပြောဆိုခဲ့သည်။ ထို့အပြင် ဝန်ထမ်းများ၏ မှတ်ပုံတင်နံပါတ်နှင့် နေရပ်လိပ်စာ စာရင်းများ ကောက်ယူခြင်းလည်းရှိသောကြောင့် ဝန်ထမ်းများအတွက် ခြိမ်းခြောက်နေသလိုဖြစ်ခဲ့သည်။ ၎င်းတို့က အစိုးရဝန်ထမ်းများသည် အလိုလို ကြံ့ခိုင်ရေးပါတီ အဖွဲ့ဝင်များ ဖြစ်ကြောင်းနှင့် မဲထည့်တဲ့ အခါ ခြင်္သေ့တံဆိပ်ကိုပဲ ထည့်ရမယ်ဖြစ်ကြောင်း ပြောခဲ့သည်။ ရွေးကောက်ပွဲအပြီး ကြံ့ဖွံ့နိုင်လျှင် ဝန်ထမ်းများသည်လည်း

---

၁၈ TSYO အင်တာဗျူး

၁၉ HREIB အင်တာဗျူး

၂၀ HREIB အင်တာဗျူး

အကျိုးခံစားခွင့်ရှိလာမည်ဟု ပြောခဲ့သည်။

## ကြံ့ခိုင်ရေးပါတီ အား မဲမပေးလျှင် ဖမ်းဆီးမည်ဟု ခြိမ်းခြောက်မှုများ

ပြည်သူများသည် အကယ်၍ ကြံ့ဖွံ့ပါတီအား မဲမပေးပါက ဖမ်းဆီးခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခံခဲ့ကြရသည်။ ၂၀၁၀ အောက်တိုဘာလတွင် ဇရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ ခေတ်ဆန်းကျေးရွာ ကြံ့ဖွံ့ပါတီဝင် ရာအိမ်မှူး ဌေးဦးက ရန်ကုန်တွင် အလုပ်သွား လုပ်ကိုင်နေသည့် လူငယ်များ၏ မိဘများကို ၂၀၁၀ ရွေးကောက်ပွဲတွင် ကြံ့ဖွံ့အား မဲမပေးလျှင် ဖမ်းဆီးအပြစ်ပေးမည်ဟု ခြိမ်းခြောက်ခဲ့သည်။[၂၁]

## ရွာသူကြီးများ ဥက္ကဌများအားဖိအားပေး၍ ကြံ့ဖွံ့အတွက် ထောက်ခံမဲရအောင်စည်းရုံးပေးရခြင်း

မော်ကနီအခြေစိုက် ခမရ တပ်ရင်း (၁၀၆) တပ်ရင်းမှူးမှ မော်ကနီ၊ လမိုင်နှင့် ကော်ဒူကျေးရွာအုပ်စုများအား အရေးပေါ် အစည်းအဝေးခေါ်ခဲ့ကြောင်း မော်ကနီကျေးရွာသားများက ပြောသည်။ ထိုအစည်းအဝေးတွင် ခန့်မှန်းခြေ အရ ရွာ ၄၀ မှ ရွာသူကြီးပေါင်း ၄၀ ခန့်နှင့် လုံခြုံရေးတပ်သားများ တက်ရောက်ခဲ့ရသည်။ ဒုဗိုလ်မှူးကြီး ခင်မောင်ချို ရွာသူကြီးနှင့် ခေါင်းဆောင်များကို လာမည့်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ရှင်းပြခဲ့ပါသည်။ ရွာသားတစ်ဦးက

> 'ရွာသူရွာသားတွေကို မဲရုံမှာ အားလုံးမဲ သွားပေးရန် အတွက် ဆော်ဩဖို့ ရွာသူကြီးတွေဆီကို တာဝန်ပေးတယ်။ ပြီးတော့ မဲပေးတဲ့သူတွေကို အဓိက ကြံ့ဖွံ့ကို ပေးဖို့အတွက် လုပ်ဆောင်ပေးရမယ်။ နောက် ဒီရွေးကောက်ပွဲကာလ တစ်လျှောက်မှာ ရွာသူကြီး ခေါင်းဆောင်တွေနဲ့ တပ်သားတွေကို လုံခြုံရေးအရ တာဝန်ယူပေးဖို့နဲ့ ဒီအတောအတွင်းမှာ ဘာမှမဖြစ်စေချင်ဘူးလို့ပြောတယ်' ဟု ပြောဆိုခဲ့သည်။[၂၂]

## ကြံ့ခိုင်ရေးပါတီက ဌာနေပြည်သူ့စစ်များကို နည်းမျိုးစုံဖြင့် သုံး၍ လူထုကို စည်းရုံးခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသခံများအဆိုရ ကွတ်ခိုင်အခြေစိုက် မြန်မာစစ်တပ် ဗျူဟာမှူးက ကချင်ဌာနေ ပြည်သူ့စစ်များအား မိမိဒေသတွင်းမှ ပြည်သူများအား ကြံ့ဖွံ့ပါတီဝင်ဖြစ်ရေးနှင့် ကြံ့ဖွံ့ပါတီအား မဲပေးရန် မည်သည့်နည်းဖြင့် ဖြစ်စေလုပ်ဆောင်ရမည် ဖြစ်ကြောင်း အမိန့်ပေးခဲ့သည်ဟု ဆိုသည်။

ဆက်လက်၍ ဒေသခံများက ထိုဒေသအခြေစိုက် မြန်မာစစ်တပ် အရာရှိများ အကူအညီဖြင့် မူးယစ်ဆေးများ ထုတ်လုပ်နေသော တရုတ်လူမျိုး ပြည်သူ့စစ်များလည်း ပါဝင်ပတ်သတ်နေကြောင်း ပြောကြားခဲ့သည်။ ကွတ်ခိုင်ဌာနေ ပြည့်သူ့စစ်၊ ဖောင်းဆိုင် ဌာနေ ပြည်သူ့စစ်၊ မုံးကိုးဌာနေ ပြည်သူ့စစ်နှင့် မုန်းစီးဌာနေ ပြည်သူ့စစ်များကို အမိန့်ပေးပြီး ၎င်းတို့သက်ဆိုင်ရာကိုယ်နယ်မှ ပြည်သူများကို ကြံ့ခိုင်ရေးပါတီသို့ အသင်းဝင်ရန်နှင့် လာမည့်ရွေးကောက်ပွဲတွင် အသေအချာ မဲထည့်ပေးရန် စသည်ဖြင့် နည်းမျိုးစုံသုံးပြီး လူထုကို စည်းရုံးခိုင်းနေကြကြောင်း ဒေသခံများက ဆိုသည်။ ဒေသခံများက ကွတ်ခိုင်အခြေစိုက် ဗျူဟာမှူးနှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့သည် မူးယစ်ဆေးဝါးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေကြောင်း

---

၂၁ Yoma3 အင်တာဗျူး

၂၂ HURFOM အင်တာဗျူး

ပြောသည်။[၂၃]

၂၀၁၀ စက်တင်ဘာလ အတွင်းတွင် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်ရှိ ရွာလေးရွာတွင် ဒေသအခြေစိုက် ခမရ တပ်ရင်း ၂၄၂ က စစ်တပ်မှ ရွာသူကြီးတွေကို အစည်းအဝေးခေါ်ယူခဲ့သည်။ တပ်ရင်း ၂၄၂ တပ်ရင်းမှူးက ဒီရွေးကောက်ပွဲမှာ ဒီရွာသူရွာသားများအားလုံး အစိုးရကိုထောက်ခံတဲ့ပါတီကိုဘဲ အားလုံးမဲပေးရမယ်လို့ ပြောဆိုပြီး ကတိဝန်ခံချက် လက်မှတ်ထိုးခိုင်းသည်။[၂၄]

## တရားဝင်တည်ရှိခြင်း၊ ရပ်တည်မှုကို သွေးခွဲခြင်း

စစ်အုပ်စုသည် အခြားပါတီ၊ အဖွဲ့အစည်းများ၏ စည်းရုံးရေး၊ လှုပ်ရှားမှုများကို တားဆီး၊ ခြိမ်းခြောက်ခြင်းများ အပြင် သွေးခွဲပြောဆိုများကိုပင် ပြုလုပ်ခဲ့ကြသည်။ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်မနက်တွင် ပိုတာအို ဒေသခံ ရဝမ်၊ လီဆူ၊ ရှမ်း ယဉ်ကျေးမှု လူကြီးများနှင့် ဌါနဆိုင်ရာ အစိုးရရုံး ဝန်ထမ်းများ ပြည်ခိုင်ဖြိုးမှ အသင်းဝင်လူကြီးများ ရပ်ရွာအကြီးအကဲ အချို့တို့ကို ဝန်ကြီးချုပ်သိန်းစိန်ဟာ ပိုတာအိုမှ မြစ်ကြီးနားသို့ အပြန် လေယာဉ်ကွင်းတွင် တန်စီးရပ်ခိုင်းပြီး နှုတ်ဆက်မိန့်ခွန်း ပြောကြားခဲ့ပါတယ်။

ဝန်ကြီးချုပ်သိန်းစိန်က နှုတ်ဆက်မိန့်ခွန်းထဲတွင် ကေအိုင်အေတွေ ရဝမ် လူမျိုးများကို သတ်ခဲ့တာ ဘယ်နှစ်ဦးရှိသွားပြီးလဲဟု မေးခဲ့ရာ ဦးအားတန်က ၂၇ ဦးလောက်ရှိပြီဟု ပြန်ဖြေခဲ့တယ်။ လီဆူးလူမျိုးတွေကိုကော သတ်ခဲ့တာဘယ်နှစ်ဦးရှိပြီလဲဟုမေးခဲ့ရာလီဆူးယဉ်ကျေးမှုလူကြီးတစ်ဦးဟာ(၁၀)ယောက်ကျော်လောက်ရှိတယ်ဟု ပြန်ဖြေကြားခဲ့တယ်။ မေးပြီးနောက် ဝန်းကြီးချုပ် သိန်းစိန်ဟာ ကချင်တိုးတက်ရေးပါတီများ တက်လာမှာဖြစ်တယ် ဒါကြောင့် ဘယ်ကို မဲပေးမယ်ဆိုတာ ကြည့်ပြီးပေးကြပါဟု နှုတ်ဆက်အမှာစကား ပြောကြားခဲ့သည်။ ဒီလိုဝန်ကြီးချုပ်သိန်းစိန်ပြောတာက ကေအိုင်အိုနှင့် ရဝမ်၊ လီဆူးများကြားမှာ အရမ်းစည်းလုံးနေခြင်းကို မြင်ရသောကြောင့် သွေးခွဲစကားများ ပြောဆိုရခြင်းဖြစ်တယ်ဟု ဒေသခံတိုင်းရင်းသားတဦးက ပြောဆိုခဲ့ပါတယ်။ ဒါကြောင့် ပူတာအိုမြို့ပေါ်ရှိ ဒေသခံတိုင်းရင်းသားအချို့ဟာ စစ်အစိုးရကို မျက်နှာလို မျက်နှာရ တိုင်းရင်းသားအချင်းချင်းခွဲခြားမှုများ ရှိလာခဲ့သည်။[၂၅]

---

[၂၃] HREIB အင်တာဗျူး

[၂၄] HURFOM အင်တာဗျူး

[၂၅] KWAT အင်တာဗျူး

## လွတ်လပ်စွာ သွားလာခွင့်အား ငြင်းပယ်ပိတ်ပင်မှု

ရွေးကောက်ပွဲအကြိုကာလတွင် လွတ်လပ်စွာခရီးသွားလာခွင့်ကိုငြင်းပယ်ခြင်းများပိုမိုဖြစ်ပွားလာကြောင်း အချက်အလက်များတွေ့ရှိခဲ့သည်။ ဥပမာအားဖြင့် ၂၀၁၀၊ စက်တင်ဘာလမှစပြီး ကချင်လွတ်လပ်ရေးအဖွဲ့ရဲ့ အစိုးရများ ခရီးသွားလာရာတွင် အရင်က ထက်ပိုမိုတင်းကြပ်လာသည်။ ခရီးထွက်စရာရှိခဲ့လျှင် စစ်ဖက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ထံ အကြောင်းကြား ရပြီးနောက် မြောက်ပိုင်းစစ်ဌာနချုပ်မှ သွားလာခွင့်အမိန့်ရမှ သွားလာခွင့်ရသည်။[၂၆]

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် ပလောင်လူမျိုးများကို ကိုယ်စားပြုမည်ဆိုသည့် တအောင်း ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ရွေးကောက်ပွဲဝင်ရန် မှတ်ပုံတင်ခဲ့သည်။ ထိုပါတီသည် အမှန်တကယ်အားဖြင့် ကြံ့ဖွံ့ပါတီနှင့် မဟာမိတ် ဖွဲ့ထားသည်။ ထိုတအာင်းအမျိုးသားပါတီသည်လည်း ကြံ့ဖွံ့များနည်းတူ စည်းရုံးရေး ဆင်းရာတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိကြောင်းကိုလည်း လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) က ကောက်ယူ ရရှိခဲ့ပါသည်။ သို့သော်လည်း ထိုတအာင်းပါတီကိုပင် အချို့နေရာများတွင် ကန့်သတ်မှုများ ပိတ်ပင်မှုများ ခံကြရသည်။[၂၇]

ပလောင်ဒေသခံတစ်ဦးက စက်မှု (၁) ဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ဗိုလ်ချုပ်ကျော်ဆန်း တို့က 'ပလောင်ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ပအောင်း (ပလောင်) ပါတီကို မပေးပါ' လို့ တိုက်တွန်းခဲ့ကြောင်း ပြောသည်။ တအောင်းပါတီမှ စည်းရုံးမဲဆွယ်ရာတွင် ပလောင်လူမျိုးများအား ပါတီဝင်ခွင့်လျှောက်ထားခြင်းကို ဖြည့်ဆည်းစေရုံမက စစ်အစိုးရ၏ ဂတိ (၆) ချက်ကိုပါ ယုံကြည်စေသည်။ ကြံ့ဖွံ့ပါတီက ဇေတုန်ဟောင်း ကျေးရွာတွင်နှင့် အခြားကျေးရွာများတွင် မဲမည်ကဲ့သို့ ထည့်ရမည်ဖြစ်ကြောင်း ရှင်းပြရာတွင် ကြံ့ဖွံ့ပါတီနှင့် တအာင်းပါတီအား မဲထည့်ရန်ပြောကြားခဲ့သည်။ ထို့အပြင် နမ့်ဆမ်ဒေသခံများအား ကြံ့ဖွံ့ပါတီအား မဲထည့်ရန်ခြိမ်း ခြောက်ခံခဲ့ရသည်။

---

၂၆ HREIB အင်တာဗျူး

၂၇ PWO အင်တာဗျူး

## စိတ်ထင်တိုင်း တရားမဝင် ဖမ်းဆီး၊ ထိန်းသိမ်း ချုပ်နှောင်ထားမှု

၂၀၁၀ စက်တင်ဘာလ အတွင်း ရွေးကောက်ပွဲဆန့်ကျင်စာဖြန့်ဝေသည့် လူငယ် အနည်းဆုံး ၁၁ ဦး ဖမ်းဆီးခံခဲ့ရသည်။

### စက်တင်ဘာလ ၁၄ ရက်နေ့ မြောက်ဥက္ကလာပတွင် ဖမ်းဆီးခံရသော (၅) ဦး

| | | | | | |
|---|---|---|---|---|---|
| ၁။ | သာထူးအောင် | ဦးခင်မောင်ဦး | ၂၀ နှစ် | ဘီအီးနောက်ဆုံးနှစ် | ည ရပ်ကွက်၊ မြောက် ဥက္ကလာ |
| ၂။ | ချမ်းမြေ့အောင် | ဦးအောင်စိုး | ၂၂ နှစ် | စတုတ္ထနှစ် (ဥပဒေ) | ည ရပ်ကွက်၊ မြောက် ဥက္ကလာ |
| ၃။ | ဇင်မင်းထက် | ဦးအုန်းခိုင် | | ဒုတိယနှစ် (သမိုင်း) | ည ရပ်ကွက်၊ မြောက် ဥက္ကလာ |
| ၄။ | ကျော်သီဟ (ခ) ကျော်ကျော် | ဦးညီညီလွင် | ၂၄ နှစ် | ဝိဇ္ဇာ ပထဝီ | မြောက် ဥက္ကလာ |
| ၅။ | ဇာနီလင်း (ခ) လင်းလင်း | ဦးခင်ဇော် | ၂၁ နှစ် | မော်ဘီနည်းပညာ – တက္ကသိုလ် | ည ရပ်ကွက်၊ မြောက် ဥက္ကလာ |


### စက်တင်ဘာလ ၁၇ ရက်နေ့ ရန်ကုန်တွင် ဖမ်းဆီးခံရသော (၃) ဦး

| | | | | | |
|---|---|---|---|---|---|
| ၆။ | ကျော်သူစိုး (ခ) အာနိုး | ဦးအေးရွှေ | ၁၉ နှစ် | ပထမနှစ်ပထဝီ၊ အဝေးသင်၊ ဒဂုံတက္ကသိုလ် | ဋ ရပ်ကွက်၊ မြောက် ဥက္ကလာ |
| ၇။ | ရဲလင်းဖြိုး (ခ) ကိုဖြိုး | ဦးသောင်းမြင့် | ၂၁ နှစ် | ပထမနှစ် စီးပွားရေး၊အဝေးသင်၊ ဒဂုံတက္ကသိုလ် | ည ရပ်ကွက်၊ မြောက် ဥက္ကလာ |
| ၈။ | မျိုးမြင့်ထွန်း | ဦးထွန်း | ၂၄ နှစ် | ဘီအီး၊ နည်းပညာ တက္ကသိုလ် | ည ရပ်ကွက်၊ မြောက် ဥက္ကလာ |

### စက်တင်ဘာလ ၁၈ ရက်နေ့ ရန်ကုန်တွင် ဖမ်းဆီးခံရသော (၃) ဦး

| | | | | | |
|---|---|---|---|---|---|
| ၉။ | ကောင်းပြည့်စုံ (ခ) ကိုပြည့် | ဦးသိန်းဆွေ | ၁၉ နှစ် | ပထမနှစ်၊ ဘီတက်ခ်၊ နည်းပညာ တက္ကသိုလ် | ဋ ရပ်ကွက်၊ မြောက် ဥက္ကလာ |
| ၁၀။ | သိန်းဇော် (ခ) ဘုဘု(ခ) ဘုကြီး | ဦးထွန်း စိန်အောင် | ၂၅ နှစ် | ပထမနှစ်မြန်မာစာ၊ ဒဂုံတက္ကသိုလ် အဝေးသင် | |
| ၁၁။ | ခိုင်ဇော် | ဦးမြင့်ခိုင် | | ပထမနှစ် အင်္ဂလိပ်စာ၊ အဝေးသင်ဒဂုံတက္ကသိုလ် | လှော်ကားကျေးရွာ ၊ အုပ်စုတောရွာ ကလေး ကျေးရွာ၊ ရွှေပြည်သာ |

မွန်ပြည်နယ် မုဒုံမြို့နယ် အောင်ဇေယျ သုခမ္မာကျောင်းတိုက်တွင် သီတင်းသုံးနေထိုင် လျှက်ရှိသော အရှင်ဥက္ကံသ (၂၈ နှစ်) ကို ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်သည့် လှုပ်ရှားမှုအတွက် ဇန္နဝါရီလ ၇ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။ ရွေးကောက်ပွဲဆန့်ကျင်ရေး စည်းရုံးလှုံ့ဆော်သည့် “No 2010 Election” လှုပ်ရှားမှုများကို မော်လမြိုင်မြို့နယ်မှ ရေးမြို့နယ် ကားလမ်းတလျှောက်တွင် ရေးသားလှုံ့ဆော်ခဲ့သည်။ ထိုသို့ဖမ်းဆီးချိန်တွင် ဗွီဒီယိုကင်မရာ တစ်လုံး၊ ခရီးဆောင် ကွန်ပြူတာ တစ်လုံး၊ ကွန်ပြူတာ ဟာ့ဒ်ဒစ်စ် တစ်ခုနှင့် “No 2010 Election” လက်ကမ်းစာစောင်များကို တွေ့ရှိသိမ်းဆည်းခံခဲ့ရသည်။[၂၈]



အရှင်ဥက္ကံသ (၂၈ နှစ်) အား သံဖြူဇရပ် မယက ရုံးတွင် ဖမ်းဆီးထားစဉ်

## “တစည ပါတီ အလိုမရှိ” စာတန်းပါ ပိုစတာကပ်သူ လူငယ် ၂ ဦးအားဖမ်းဆီးခြင်း

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် သဘော်ဆိပ်ကမ်းအနီးရှိ အုတ်နံရံတွင် ‘တစညပါတီ အလိုမရှိ’ စာတမ်းပါ ပိုစတာကပ်သော လူငယ် (၂) ဦး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ (၃) ရက်နေ့ည (၉) နာရီ က ဖမ်းဆီးခံရသည်။ ပိုစတာကပ်နေစဉ် ရဲများက လာရောက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ရဲမှဖမ်းဆီးပြီး နောက် စရဖမှ ဘူးသီးတောင် အခြေစိုက်စစ်ဒေသ ကွပ်ကဲရေး ဌာနချုပ်သို့ ဖမ်းဆီး ခေါ်ဆောင်သွားပြီး ယခုထိ ပြန်လွှတ်လာခြင်း မရှိသေးပါ။[၂၉]

---

၂၈ AAPP အင်တာဗျူး

၂၉ AASYC အင်တာဗျူး

## ညှဉ်းပမ်းနှိပ်စက်မှု၊ လူမဆန်သည့် ဆက်ဆံမှု

အဖ ဦးတင်စိုး၏သားဖြစ်သူ အသက် ၄၇ နှစ်အရွယ် ဂျာနယ်အယ်ဒီတာ ကိုညီညီထွန်းသည် ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် အဖမ်းခံခဲ့ရပြီး ရန်ကုန်တိုင်း ရဲရုံးချုပ်သို့ ခေါ်ဆောင်သွားခြင်း ခံရပါသည်။ ယင်းသို့ချုပ်နှောင်ခံထားရစဉ် ၆ ရက်တိုင်တိုင် အစာမကျွေးပဲ တနေ့ ရေလက်နှစ်လုံးခန့်သာ တိုက်ကာ ရဲ ၁၆ ဦးမှ ကိုညီညီထွန်းအား (၂) ဦးစီအလှည့်ကျ စစ်ကြော မေးမြန်းခဲ့ပါသည်။

စစ်ကြောရေးကာလအတွင်းကို ညီညီထွန်းအား ရဲများမှ ပြင်းထန်စွာ ရိုက်နှက် ညှဉ်းပမ်းခြင်း၊ မျက်နှာနှင့် ပါးပြင်အား ဖိနပ်ဖြင့်ရိုက်နှက်ခြင်း၊ လက်ပြန်ကြိုးတုပ်၍ ခေါင်းအား ခြေထောက်ဖြင့် ကန်ခြင်း၊ နင်းခြင်း၊ ကျောက်စရစ်ခဲများပေါ်တွင် တကြိမ်လျှင် မိနစ် ၃၀ ခန့် အကြိမ်ကြိမ် ဒူးထောက် ခိုင်းခြင်း၊ လက်ချောင်းများ ကြားတွင် ဘောပင်များညှပ်၍ လက်ချောင်းများ အားညှစ်ခြင်း၊ နံပါတ်တုတ်ဖြင့် စအိုတွင်းထိုးသွင်းခြင်း၊ နံပါတ်တုတ်ဖြင့် ကျော၊ ရင်နှင့် ခြေထောက်များအား ပြင်းထန်စွာ ရိုက်နှက်ခြင်းများ ကျူးလွန်ခဲ့သဖြင့် ကိုညီညီထွန်းကိုယ်ပေါ်တွင် ဒဏ်ရာ ဒဏ်ချက်များ ရရှိခဲ့ပါသည်။ စစ်ကြောရေး ကာလတလျှောက်လုံးတွင် ရဲများမှ ကိုညီညီထွန်းအား မြန်မာပြည်တွင်း ထင်ရှားသည့် အဆောက်အဦးများအား ဖုံးဖောက်ခွဲရန် ကြံစည်သည်ဟု မတရား စွပ်စွဲကာ ကိုညီညီထွန်းမှ ၎င်းမကျူးလွန်ရကြောင်း အတန်တန်ငြင်းပယ်သည့် ကြားမှ ပြင်းထန်စွာ နှိပ်စက် ညှဉ်းပမ်းနှိပ်စက်ခဲ့ကြသည်။

ခြောက်ရက်ကျော်ကြာအောင် ညှဉ်းပမ်းနှိပ်စက် စစ်ကြောပြီးသည့်အခါ ရဲများမှ ကိုညီညီထွန်းအား အောင်သပြေအထူးရဲသတင်းတပ်ဖွဲ့ စခန်းသို့ပို့ခဲ့ပါသည်။ ကိုညီညီထွန်းကိုယ်ပေါ်ရှိ ပြင်းထန်သော ဒဏ်ရာများအား ထိုညတွင်မှ သတင်းတပ်ဖွဲ့ဝင်များမှ တွေ့ရှိရသဖြင့် ညီညီထွန်း၏ ခန္ဓာကိုယ်အား ဓါတ်ပုံရိုက်ယူခြင်း၊ ဆရာဝန်မှ စစ်ဆေးကြည့်ရှု၍ ဆေးမှတ်တမ်းရေးခြင်း၊ စသဖြင့် သတင်းတပ်ဖွဲ့မှ တရားဝင် မှတ်တမ်းတင်ခဲ့ပါသည်။ အစိုးရအရာရှိများမှ စစ်ဆေးမည်ဆိုလျှင် ညှဉ်းပမ်းနှိပ်စက်မှု မှတ်တမ်းများ သတင်းတပ်ဖွဲ့တွင် တရားဝင် မှတ်တမ်းများ အဖြစ်ရှိနေပါသည်။ အောက်တိုဘာလ ၁၃ ရက်နေ့တွင် အင်းစိန်ထောင်နှင့် ဆက်စပ်နေသည့် ဆိတ်ကံမြို့နယ် တရားရုံးက ကိုညီညီထွန်းအား ထောင်ဒဏ် ၁၃ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ကိုညီညီထွန်းအား လူဝင်မှု ကြီးကြပ်ရေးပုဒ်မ ၁၃ (၁)၊ မတရားအသင်း ဥပဒေပုဒ်မ ၁၇ (၁) နဲ့ ပုဒ်မ ၅၀၅ (ခ) နှင့် ပြောင်းပြီး တရားစွဲဆို ခဲ့သည်။

အာရှလူ့အခွင့်အရေးအဖွဲ့မှ ကိုမင်းလွင်က

> 'သူတို့ (ရဲက) ကိုညီညီထွန်းကို ညှဉ်းပမ်းနှိပ်စက်ပြီး လူမဆန်တဲ့နည်းတွေနဲ့ စစ်ကြောရေး လုပ်ခဲ့တာပါ။ ကိုညီညီထွန်းဆီက သူတို့လိုချင်တဲ့ သတင်းမရတဲ့ နောက်မှာတော့ သတင်းတပ်ဖွဲ့ လက်ထဲ အပ်လိုက်ပြီးတော့ လူဝင်မှုကြီးကြပ်ရေးပုဒ်မ ၁၃ (၁)၊ မတရားအသင်း ဥပဒေပုဒ်မ ၁၇ (၁) နဲ့ ပုဒ်မ ၅၀၅ (ခ) နဲ့ပြောင်းပြီး တရားစွဲတာပါ။'[၃၀]



ကိုညီညီထွန်း

---

[၃၀] AAPP (To translate)

## အဓမ္မ လုပ်အားပေးခိုင်းစေမှု

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်ရှိ မော်မောဝ်ဘွမ်ကျေးရွာ တွင် ၂၀၁၀ ဩဂုတ်လ ၅ ရက်နေ့တွင် မဲဆန္ဒရှင်စာရင်းကိုပြုစုရာတွင် ကောင်စီရုံး၌ စာရေးရှိသော်လည်း စာရင်းများပြုလုပ်ရာတွင် ရပ်ကွက်မှလူငယ်များကို အခကြေးငွေမပေးပဲ ခိုင်းစေခဲ့ပါသည်။ ခိုင်းစေခံခဲ့ရသည့် လူငယ်များသည် မိမိအလုပ်များ ရှိသော်လည်း ငြင်းဆန်မရဘဲ အလုပ်ပျက်ခံလျက် အတင်းအကျပ် လုပ်အားပေးခဲ့ရပါသည်။[၃၁]

၂၀၁၀ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့ တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာ ရယက မှ ရပ်ကွက်မှူး ဦးဘထွန်းမှ ဆယ်တန်းအောင်ထားသော ကျောင်းသူများအား ရွေးကောက်ပွဲ အတွက် မဲပေးနိုင်သူဦးရေ စာရင်းနှင့် အိမ်ထောင်စုစာရင်းများကို ကောက်ခိုင်းသဖြင့် ကျောင်းသူများမှ ၄င်းတို့ မသွားလိုကြောင်း ပြောကြားရာ ဦးဘထွန်းမှ

'မင်းတို့ မလုပ်ပေးဘူးဆိုရင် ရယက ထောက်ခံစာ လိုတဲ့အချိန် ငါတို့မလုပ်ပေးဘူး။ ထောက်ခံစာ လွယ်လွယ်ရချင်ရင် လုပ်ပေးရမယ်။ ကြံ့ခိုင်ရေးအသင်းကိုလည်း ဝင်ထားရမယ်' စသည်ဖြင့် ခြိမ်းခြောက်ခဲ့သောကြောင့် ၄င်း၏ တောင်းဆိုချက်ကို လုပ်ဆောင် ပေးခဲ့ရသည်။[၃၂]

၂၀၁၀ စက်တင်ဘာလအတွင်း မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်တွင် ကျောင်းဆရာ၊မများအားလုံးကို မဲရုံများတွင် မဲရုံမှူးနဲ့အဖွဲ့ဝင်တွေအဖြစ် တာဝန်ယူရကြရမည်ဖြစ်ပြီး မဲလာပေးတဲ့သူတွေကို ကြီးကြပ် ပေးရမည် ဖြစ်ကြောင်း အမိန့်ပေးခိုင်းစေခဲ့သည်။ ကျောင်းဆရာမတဦးက

'ကျောင်းဆရာ/မတွေကတော့ အစိုးရက ခန့်ထားတဲ့ ဝန်ထမ်းပေမယ့် ကျောင်းဆရာ/မ အလုပ်ဘဲလုပ်တယ်။ ဒါပေမယ့် အစိုးရဝန်ထမ်းဆိုတော့လဲ သူတို့ ခိုင်းတာကို ငြင်းလို့လဲ မရဘူး။ အခုလို လုပ်ပေးနေရတာက စိတ်ဝင်စားသည်ဖြစ်စေ မဝင်စားသည်ဖြစ်စေ လုပ်ပေးရမှာဘဲ။ ဒီရွေးကောက်ပွဲက မတရားဘူး မမျှတဘူးဆိုတာ ကျွန်မတို့သိတယ်။ ဒီအစိုးရကဘဲ မြန်မာနိုင်ငံကို ဆက်လက်အုပ်ချုပ်နေမယ်ဆိုရင် ပြည်သူတွေ ဒုက္ခရောက်နေမယ်ဆိုတာလည်းသိတယ်။ ဒါပေမဲ့ သူတို့လည်း မိသားစုပြဿနာ၊ စားဝတ်နေရေးပြဿနာကြောင့် ပြီးတော့ သူတို့မလုပ်ပေးရင် ဒုက္ခရောက်မှာကို စိုးရိမ်လို့ အစိုးရကို ကြောက်လို့ လုပ်ပေးနေကြတာ.. ဒီကျောင်းဆရာ၊မတွေက ဘာကိုမှ စိတ်ဝင်စားမှုမရှိဘဲ ကြောက်လို့ လုပ်ရတာ' ဟု ပြောဆိုခဲ့သည်။[၃၃]

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်တွင်းရှိ ကျေးရွာတိုင်းမှ ဆရာ၊ ဆရာမအားလုံးကို အမိန့်အာဏာဖြင့် မဲရုံမှူးတာဝန်များပေးပြီး လစဉ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်နှင့် မအဖတို့ပူးတွဲပြုလုပ်သော မဲရုံနှင့်သက်ဆိုင်သည့် သင်တန်းများကို တက်စေခဲ့ပါသည်။ မူလတန်းပြ ဆရာ၊ ဆရာမ ၄ ဦးနှင့် အလယ်တန်းပြ ဆရာ၊ ဆရာမ ၄ ဦး အပါအဝင် ထလန်ပိကျေးရွာမှ ကျောင်းအုပ်ကြီးသည် သင်တန်းသို့ တက်ရောက်ရန်ပျက်ကွက်ခဲ့၍ ၎င်းအပါအဝင် ဆရာ၊ ဆရာမအားလုံးကို အပြစ်ပေးသည့်အနေဖြင့် စက်တင်ဘာလလစာ ဖြတ်တောက်ခြင်းခံခဲ့ရပါသည်။[၃၄]

၂၀၁၀ ခုနှစ် ဇွန်လအတွင်း ကြံ့ဖွံ့ပါတီမှ ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် မုံးကိုးမြို့နယ်အတွင်းရှိ ရွာများသို့ မဲဆွယ်စည်းရုံးရေးဆင်းရာတွင် သူတို့၏ ပစ္စည်းများကိုသယ်ဆောင်ရန် မုံးကိုးနေ ရွာသားများ၏ မြင်း၊လားများကို အခကြေးငွေမပေးဘဲ အတင်းအဓမ္မအသုံးပြုသည့်အပြင် မုံးကိုးနေရွာသားများကို လမ်းပြအဖြစ်လည်းကောင်း

---

၃၁ KWAT အင်တာဗျူး

၃၂ HREIB အင်တာဗျူး

၃၃ HURFOM အင်တာဗျူး

၃၄ CHRO အင်တာဗျူး

အကူအဖြစ်လည်းကောင်း အလုပ်ခိုင်းစေခဲ့ပါသည်။ စည်းရုံးရေးခရီးစဉ် သုံးရက် လေးရက်လောက် အတွင်း ရွာသားများမှာ မိမိစရိတ်ဖြင့် မိမိလိုက် ရသည့်အပြင် လမ်းခရီး၌ ဖျားနာခြင်းများရှိလာခဲ့ရာ ဆေးကုသမှုလည်း မရခဲ့ကြပေ။ အပြန်တွင်လည်း မိမိစရိတ်ဖြင့်ပင် ပြန်ခဲ့ကြရသည်။[၂၅]



ဆရာ/ ဆရာမများ မဲရုံဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေစဉ်

အောက်တိုဘာလ ၇ ရက်နှင့် ၈ ရက်နေ့တွင် ထန်တလန်မြို့နယ်မှ ရွာနှစ်ရွာမှ ရွာသားနှစ်ဦးအား မဲဆန္ဒရှင်စာရင်းများ ကောက်ခံရန် ရဲသား လေးဦးမှ အတင်းအဓမ္မ ခေါ်ဆောင်သွားခဲ့သည်။ မြင်းတစ်ကောင်ကိုလည်း အတင်းအကျပ် ခေါ်ဆောင်သွားခဲ့သည်။[၂၆]

၂၀၁၀ စက်တင်ဘာလတွင် ကျောက်တော်မြို့နယ် မယက ဥက္ကဋ္ဌ အောင်ကျော်ဦး မှ ကျောက်တော်မြို့နယ် ဝန်ထမ်းများထံမှ တဦးလျှင် (၁၅၀၀၀) ကျပ် ကောက်ခံခဲ့ သည်။[၂၇]

အောက်တိုဘာလ ဒုတိယအပတ်အတွင်း ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ သာကုန်းနှင့် ကိုးနီဒေသတွင် ရပ်ရွာသားနှစ်ဦးအား မုန်းမြို့နယ်မှ မဲပုံးကြီး သုံးခုကို မော်တော်ဆိုင်ကယ်ဖြင့် သွားရောက် ယူဆောင်ရန် အတင်းအကျပ် ခိုင်းစေခံခဲ့ရသည်။ ရွာသားများက ၎င်းတို့၏ ဆိုင်ကယ်နှင့် ဆီဖိုးများကိုပါ အကုန်အကျခံခဲ့ကြရသည်။ ထိုမဲပုံးသုံးခုအား ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ၊ တစည်ပါတီနှင့် KPP တို့က သာကုန်းဒေသတွင် သုံးစွဲခဲ့သည်။ ထိုမဲပုံး သုံးခုအား နောင်ဘိုတလိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ရွေးကောက်ပွဲနေ့တွင် အသုံးပြုရန် အတွက် ထားရှိသည်။[၂၈]

---

၂၅ KWAT အင်တာဗျူး

၂၆ CHRO အင်တာဗျူး

၂၇ AASYC အင်တာဗျူး

၂၈ Burma Issues အင်တာဗျူး

## လွတ်လပ်စွာ ဖွင့်ဟထုတ်ဖော် စုရုံးဖွဲ့စည်းခွင့်အား ငြင်းပယ်ပိတ်ပင်မှု

၂၀၁၀ ရွေးကောက်ပွဲအား လူထုမှဆန္ဒပြမှု တစ်ခု ကရင်ပြည်နယ်၊ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်းလူထုမှ ဖြစ်ပွားခဲ့ရာ အာဏာပိုင်များက နောက်ယှက် ဟန့်တားမှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၀ နိုဝင်ဘာလ ၁ ရက်နေ့နံနက် ၉ နာရီတွင် ရွာသား ၂၀၀ ကျော်ပူးပေါင်းပါဝင်ကာ ၂၀၁၀ ရွေးကောက်ပွဲ အပေါ်ဆန့်ကျင်ဆန္ဒပြမှု ကရင်ပြည်နယ် ဒူးပလာယာ ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။ ၎င်းဆန့်ကျင်ဆန္ဒပြမှုတွင် တခါ့ခီး၊ တခေါ့ကလိုး၊ ကြာအင်း၊ ကိုဂိုကလိုးနှင့် တကူခီး ရွာများတွင်နေထိုင်သော ရွာသား ၂၀၀ ကျော်မှ

(၁) တရားမျှတမှုမရှိသော ၂၀၁၀ ရွေးကောက်ပွဲအလိုမရှိ

(၂) စစ်မှန်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ပေါ်လာရေး

(၃) တိုင်းရင်းသားအားလုံး မဲပေးပိုင်ခွင့်ရှိရေး

(၄) စစ်မှန်သော ပြည်ထောင်စုဖြစ်ပေါ်လာရေး စသည့်တို့ကို ကြွေးကြော် ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူများသည် ထိုကြွေးကြော်သံများကို ပိုစတာများတွင် ရေးသားကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ လမ်းလျှောက် ဆန္ဒပြခဲ့ကြသည်။ ကနဦးတွင် ဆန္ဒပြသူရွာသား ၂၀၀ ကျော်မှ တခေါ့ကလိုးရွာမှ ဆိပ်ကြီးရွာအထိ လမ်းလျှောက် ဆန္ဒပြရန် ရည်ရွယ်ထားခဲ့သော်လည်း ခမရ ၃၂ မှ အခြေစိုက်စစ်စခန်းမှ တားဆီးမှုကြောင့် ရပ်တန့်ခဲ့ ရသည်။

အောက်တိုဘာလ ၂၁ ရက်နေ့ တွင် ဆိပ်ကြီးရွာဒေသတွင် အမည်မသိအဖွဲ့တစ်ခုမှ ရွေးကောက်ပွဲတွင် မဲမပေးရေးအတွက် လှုံ့ဆော်မှုစာများ ကပ်သွားခဲ့ရာ နောက်နေ့မှစ၍ ရွာသားများမှာ ခရီးသွားလာရေးတွင် နအဖ စစ်သားများမှ ဆိုင်ကယ်နှင့် လူကိုယ်ပေါ်တွင်ပါမကျန် ရှာဖွေစစ်ဆေးရေးများ ပြုလုပ်ခဲ့သည်။ ထို့နောက် နိုဝင်ဘာလ ၂ ရက်နေ့တွင် ည ၆ နာရီမှ နံနက် ၆ နာရီအထိ ညမထွက်ရအမိန့်ကိုလည်း ထုတ်ပြန်ခဲ့သည်။[၃၉]

"I Vote" တွင် စာတမ်းပါ တီရှပ်များကို ဝတ်ဆင်ပြီး လူထုအကြားလမ်းလျှောက်နေကြသော သူများအား အစိုးရ အာဏာပိုင်တို့က အားပေးအားမြောက်ပြုခဲ့ပြီး 'လူတိုင်းတွင် မဲပေးပိုင်ခွင့်ရှိသလို မဲမပေးပဲလည်း နေနိုင်သည်' စာတမ်းပါ တီရှပ်အား ဝတ်ဆင်သူများမှာ ခြိမ်းခြောက်မှုများ၊ နှောက်ယှက်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၎င်းတို့အား အာဏာပိုင်တို့က ဓာတ်ပုံများ ရိုက်ယူခြင်း၊ ခြိမ်းခြောက်ခြင်း၊ လမ်းများအား ပိတ်ထားခြင်းများ ခံခဲ့ရသည်။

---

၃၉ Burma Issues အင်တာဗျူး

# အသိအမြင်ဗဟုသုတရှိရှိ ဆုံးဖြတ်ချက်ပြုလုပ်ခွင့်ကို တားမြစ်ခြင်း

## ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပညာပေးမှုမရှိခြင်း

စစ်အုပ်ချုပ်ရေးစနစ်သည် နှစ်ပေါင်းများစွာ ကြာခဲ့ပြီးနောက်တွင် မြန်မာပြည်သူများသည် ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲနှင့် ပတ်သက်၍ အတွေ့အကြုံမရှိကြပေ။ ရွေးကောက်ပွဲတိုင်းတွင် အစိုးရ၏ ပဓာနကျသော အခန်းကဏ္ဍတစ်ခုမှာ ပြည်သူများအား ၎င်းတို့၏ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများကို ပညာပေးခြင်းဖြစ်သည်။ ရွေးကောက်ပွဲကြို လုပ်ငန်းများတွင် ရွေးကောက်ပွဲနှင့် ပတ်သက်၍ ပညာပေးခြင်းများ မရှိသလောက် နည်းပါးခဲ့သည်။ အစိုးရ မီဒီယာများက မဲပေးခြင်းနှင့် ပတ်သက်သည့် အစီအစဉ်တစ်ခုကို လွှင့်ထုတ်ခဲ့သည်သော်လည်း ပြည်သူများအား မဲပေးကို ပေးရမည်ဖြစ်ကြောင်းကိုသာ ထပ်ကာတစ်လည်းလည်း ထုတ်လွှင့်နေပြီး ရွေးကောက်ပွဲဥပဒေတွင် ဖော်ပြထားသည့် မဲမပေးပဲနေနိုင်သည့် အခွင့်အရေးကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ ဒီမိုကရေစီ အခွင့်အရေးများအား တစ်လုံးတစ်ပါမျှ ဆွေးနွေးခဲ့ခြင်း မရှိပါ။

ကချင်ပြည်နယ်မှ မြစ်ကြီးနားခရိုင် ဖါးကန့်မြို့တွင် နေထိုင်သူ အမျိုးသမီးတဦးက

> 'ကျမရွေးကောက်ပွဲ အကြောင်းကိုကောင်းကောင်းသိချင်ပါတယ်။ ဒါပေမယ့် လေ့လာခွင့် မရှိပါဘူး။ ကျမတို့ ဒေသမှာ နိုင်ငံရေးနှင့်ပတ်သက်တာဘာမှလုပ်လို့မရဘူး။ နည်းနည်း ပြောပြီဆိုရင်ကို သတိပေးခံရပါတယ်။ ခုလည်း လူငါးယောက်ထက်စုပြီးနေလို့ မရပါဘူး။ ၂၀၀၈ခုနှစ် ဆန္ဒခံယူပွဲတုန်းကလည်း ကိုယ့်ဆန္ဒအတိုင်း ဆန္ဒပေးခွင့်မရှိခဲ့ပါဘူး။' ဟု တွေ့ဆုံမေးမြန်းမှုတခုတွင် ပြောဆိုခဲ့သည်။[၄၀]

---

၄၀ KWAT အင်တာဗျူး

## ရွေးကောက်ပွဲတွင်ပါဝင်ရန်၊ အရွေးခံရန် တားမြစ်ခံရမှု

## လူနည်းစု တိုင်းရင်းသားဒေသများတွင် မဲထည့်ခွင့် ဆုံးရှုံးခြင်း

စက်တင်ဘာလ ၁၂ ရက်နေ့က နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကဥပဒေပုဒ်မ ၈ (စ) ကို ထုတ်ပြန်ကြေငြာကာ မြန်မာနိုင်ငံ၏ အချို့သော နယ်မြေဒေသများတွင် ရွေးကောက်ပွဲကျင်းပမည်မဟုတ်ကြောင်းကြေငြာခဲ့သည်။ လူနည်းစုတိုင်းရင်းသား အများအပြား မဲပေးခွင့်များ ဆုံးရှုံးခဲ့ကြသည်။ စစ်အစိုးရက လူနည်းစု တိုင်းရင်းသားများ နေထိုင်သည့် ပြည်နယ် ၅ ခုမှ နယ်မြေဒေသများ မဲပေးခွင့်ရမည်မဟုတ်ကြောင်း ကြေငြာခဲ့ပြီး ရွေးကောက်ပွဲ၏ လွတ်လပ်တရားမျှတမှုကို ထိပါးစေခဲ့သည်။ စစ်အစိုးရ ရေဒီယိုနှင့် ရုပ်မြင်သံကြားသတင်းအရ ကချင်၊ ကရင်နီ၊ ကရင်၊ မွန်နှင့် ရှမ်းပြည်နယ်မှ ကျေးရွာစုစုပေါင်း ၃၄၀၀ ကျော်တွင် ရွေးကောက်ပွဲပြုလုပ်လိမ့်မည်မဟုတ်ကြောင်း ကြေငြာခဲ့သည်။ ထိုကြေငြာချက်တွင် '၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲအား အောက်ဖော်ပြပါ နေရာဒေသများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်သည့် အခြေအနေ မရှိသောကြောင့် ကျင်းပမည်မဟုတ်' ကြောင်း ကြေငြာခဲ့သည်။ အဖြစ်မှန်မှာ ထိုချန်ရစ်ခဲ့သည့် နေရာဒေသများတွင် စစ်အစိုးရက ၎င်းတို့ပါတီ အောင်မြင်မည်ဟု မယူဆနိုင်သောကြောင့် ဖြစ်သည်။ ထိုချန်လပ်ခဲ့သည့် နေရာဒေသများမှ လူနည်းစု တိုင်းရင်းသား လူဦးရေ စုစုပေါင်း ၃၄၀၀၀၀ မှ ၇၀၀၀၀၀ မှာ မဲပေးခွင့်မရပဲ ဘေးဖယ်ထားခြင်းခံခဲ့ရပြီး ၎င်းတို့၏ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများကို ချိုးဖောက်လိုက်ခြင်းပင်ဖြစ်သည်။

ဖော်ပြပါကော်မရှင်၏ ပယ်ဖျက်ခံ နယ်မြေစာရင်းအရ ကရင်လူမျိုးများ နေထိုင်ရာ ကျေးရွာအုပ်စုပေါင်း (၁၆၄) အုပ်စု မဲဆန္ဒပေးခွင့်ဆုံးရှုံးပြီး ကရင်ပြည်နယ် (၇) မြို့နယ်လုံးတွင်ရှိသည့် ကျေးရွာအုပ်စု (၁၅၅) ရွာ၊ မွန်ပြည်နယ် (၂) မြို့နယ်မှကျေးရွာ အုပ်စု (၉) အုပ်စုတွင် မဲပေးခွင့်ဆုံးရှုံးခဲ့သည်။

> 'ကျနော်တို့အမြင်ကတော့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တိုင်းရင်းသားလူမျိုးစု ဒေသတွေကို ရွေးကောက်ပွဲကျင်းပဖို့ အခြေအနေမရှိသည့် နယ်မြေတွေအနေနဲ့ ဥပဒေပုဒ်မ ၈ (စ) ထုတ်ပြီး သတ်မှတ် ပယ်ဖျက်တာဟာ ရိုးသားတဲ့လုပ်ရပ်မဟုတ်လောက်ဘူး။ ကျနော်သိသလောက် အဲ့ဒီဒေသတွေမှာ ကြံ့ဖွံ့ပါတီက သူတို့ နိုင်မယ်လို့ မထင်တဲ့ ဒေသဖြစ်နေတာက တကြောင်း၊ ပြီးခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုခဲ့တဲ့ ၂၀၀၈ မှာလည်းပဲ ကြက်ခြေခတ်တွေ အတက်များတဲ့ ဒေသတွေပေါ့။ ကိုယ့်ဒေသမှာ ကိုယ့်လူမျိုးကို ကိုယ်စားပြုပြီး လွှတ်တော်မှာ အကျိုးပြုမယ့် ပြည်သူ့ကိုယ်စားလှယ်တို့ အမျိုးသားကိုယ်စားလှယ်တို့ ပြီးတော့ ပြည်နယ်ကိုယ်စားလှယ်တို့ ရွေးတယ်ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ အခု အဲ့ဒီအခွင့်အရေးကို သူတို့ မရကြတော့ဘူးပေါ့။ ကုန်ကုန်ပြောရရင် နအဖ စစ်အစိုးရရဲ့ အခုလုပ်ရပ်ဟာ လုံးဝကို မရိုးသားပါဘူး။ အစီအစဉ်ရှိရှိနဲ့ ပယ်တယ်ဆိုတာ ရဲရဲပြောရပါတယ်'
> စောညိုလွင်၊ ဝဲခမိကျေးရွာအုပ်စု၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်[၄၁]

ကြာအင်းဆိပ်ကြီးမြို့နေ ဦးပန်းငွေက

> 'ကော်မရှင်ကနေ တိုင်ရင်းသားလူမျိုးစုတွေနေတဲ့ နေရာ တွေကို မဲမထည့်ခိုင်းပဲ ကန့်သတ်လိုက်တာဟာ စစ်အစိုးရရဲ့ မရိုးမသား လုပ်တာကို ပိုပေါ်စေတာပေါ့။ ကရင်တမျိုးသားလုံး အနေနဲ့ သိပ်နစ်နာပါတယ်။ လုံခြုံရေးအကြောင်းပြပြီး ရွေးကောက်ပွဲ ကန့်သတ်လိုက်တာဟာ ဘယ်လိုမှ မခိုင်လုံပါဘူး။ အခု အပိတ်ခံရတဲ့ မွန်ပြည်နယ်ရော၊ ကရင်ပြည်နယ်ရော ၁၆၆ ကျေးရွာအုပ်စု ရှိမယ်။ ရွာအနေနဲ့ ဆိုရင်အတော်များမှာပေါ့။ တချို့ကျေးရွာအုပ်စုဆို

---

၄၁ HURFOM အင်တာဗျူး

ကျေးရွာပေါင်း ဆယ်ဂဏန်းလောက်ရှိတာလေ။ အဲဒီတော့ ကရင်လူ မျိုးချည်းခန့်မှန်းလိုက်ရင် သုံးသိန်းလောက်ရှိမယ်။ မွန်လူမျိုးတွေဆိုရင် သောင်းချီ ရှိကြတာပေါ့။ အဲဒီတော့ သူတို့ လူမျိုးစု ကိုယ်စားလှယ် တွေကို စိတ်ကြိုက်မရွေးရတဲ့အတွက်ဆိုတော့ ဘယ်လောက်နစ်နာသလဲ ဆိုတာ တွက်ကြည့်ပေါ့။ စစ်တပ်က ဒီလို ရွေးကောက်ပွဲ မလုပ်ပဲ ဖယ်ထားလိုက်တာဟာ အဲ့ဒီနယ်မြေတွေမှာ သူတို့ပါတီ မနိုင်မှန်းသိလို့ ဘေးဖယ်ခံရတာ ရှင်းနေတာပဲ။ နစ်နာ တာကတော့ ကရင်အမျိုးသားတွေအတွက် အတော့်ကို နစ်နာပါတယ်။'[၄၂]

ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်၊ တာကုန်းနှင့် ကိုးနီရွာများတွင် ကြံ့ဖွံ့ပါတီ၊ တစည ပါတီနှင့် ကေပီပီ ပါတီများအား မဲဆွယ်စည်းရုံးခွင့်ပြုခဲ့သော်လည်း စစ်အစိုးရက အညိုရောင်နယ်မြေအဖြစ် သတ်မှတ်ထားသော ထိုဒေသတွင် ကြံ့ဖွံ့က လာရောက်မဲဆွယ်နိုင်ခြင်း မရှိပါ။ တစည ပါတီမှ လာရောက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ၁၉၉၀ ရွေးကောက်ပွဲ အတွေ့အကြုံကြောင့် တစည ပါတီအား ဂရုစိုက် ယုံကြည်မှု ကင်းမဲ့နေခဲ့သည်။ ရွာသားများအနေဖြင့် ကေပီပီမှာ ကရင်ပြည်သူများအတွက် ရပ်တည်သည့် ပါတီဖြစ်သဖြင့် မျှော်လင့်ချက် အနည်းငယ်ရှိခဲ့သည်။ သို့သော် ရွေးကောက်ပွဲကော်မရှင်က ထိုကျေးရွာများအတွင်း မဲပေးခွင့်ရှိသူ အရေအတွက်ကို အသိပေးကြေငြာခဲ့ခြင်းမျိုး မရှိခဲ့ပါ။

## မဲပေးပိုင်ခွင့် ဆုံးရှုံးခြင်း

မွန်ပြည် လူ့အခွင့်အရေး ဖောင်ဒေးရှင်းမှ ကောက်ခံရရှိသည့် အချက်အလက် မှတ်တမ်းများအရ မွန်နှင့် ကရင်ပြည်နယ်ဒေသတွင်း လက်ရှိတာဝန်ကျနေသည့် ဝန်ထမ်းအများစုမှာ ကြိုတင်မဲပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာန အကြီးအကဲများ ရှေ့တွင်မဲပေးရမည်ဖြစ်သည့်အပေါ်တွင် အလွန်စိတ်ပျက်နေကြကြောင်း သိရသည်။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ခုတွင် လျှို့ဝှက်မဲပေးစနစ်သည် အလွန် အရေးကြီးသည်ဟု ယုံကြည်ကြသည်။ လျှို့ဝှက်မဲပေးစနစ် မရှိခြင်းသည် လွတ်လပ်စွာ မဲပေးခွင့်ကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။ ခေါင်သည့်နေရာများတွင် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ထမ်းများ ကိုယ်စား ထည့်ပေးရသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲနှင့် ၂၀၁၀ ရွေးကောက်ပွဲများတွင် သက်ဆိုင်ရာဌာန အကြီးအကဲများက ဝန်ထမ်းများကိုယ်စားမဲပေးခဲ့ရကြောင်း ပြောသည်။

သတင်းအချက်အလက်ကောက်ခံသူများသည် ရေး၊ ရေဖြူ၊ မုဒုံနှင့် ကျိုက်မရောမြို့နယ်များရှိ အစိုးရဝန်ထမ်း ဦးရေ ၂၀ ကျော်အား မေးမြန်းစုံစမ်းကာ ၂၇ ရက် မှ ၃၁ ရက် အောက်တိုဘာလအထိ မှတ်တမ်း ပြုခဲ့ကြသည်။ လယ်ယာနှင့်ဆည်မြောင်းဌာနမှ ဝန်ထမ်းများ၊ မြေစာရင်း ဦးစီးဌာန၊ ပညာရေးဌာနမှ ကျောင်း ဆရာ၊ ဆရာမများနှင့် ကျောင်းဝန်ထမ်းအချို့တို့သည် ဆန္ဒမဲများကို ကိုယ်တိုင်ထည့်ခွင့်မရပဲ သူတို့၏ ဌာန အကြီးအကဲများက ထည့်ပေးခဲ့သည်ဟု မကျေမနပ် ပြောဆိုခဲ့သည်။

ဦးမြဆွေ (အမည်ရင်းမဟုတ်)၊ ၄၅ နှစ်၊ လယ်/ဆည်ဝန်ထမ်း၊ ပေါင်ဇာတီ၊ လက်ရှိ ရေးမြို့နယ်တွင် အုပ်စုမန်နေဂျာတာဝန်ထမ်းနေသူက

'ကျနော်တို့ (သူနှင့်လုပ်ဖော်ကိုင်ဘက် ၁၂ ဦး) အတွက် ကြိုတင်မဲပြားတွေနဲ့ မဲထည့်ဖို့ မှတ်ပုံတင်စာရွက်နဲ့ မဲပေးသူစာရင်းတွေ ၂၆ ရက်နေ့ အောက်တိုဘာလ ကတည်းက ရောက်လာတယ်။ သို့သော်လည်းပဲ ကျနော်တို့က မဲပေးသူစာရင်းမှာ လက်မှတ်ထိုး မှတ်ပုံတင် ခိုင်းပြီးတာနဲ့ ကျနော်တို့ ခရိုင်ဦးစီးမှူးက ကိုယ်စားထည့်ပေးလိုက်တယ်။ ကျနော်တို့ထင်ထားက

---

[၄၂] HURFOM အင်တာဗျူး

ကိုယ်တိုင် ပေးထားတဲ့ အရွေးချယ်ခံ ကိုယ်စားလှယ်တွေ၊ နာမည်တွေနဲ့ ဘယ်ပါတီဘယ်နေရာနေ ပါဝင်အရွေးချယ်ခံမလဲ စတဲ့ ဇယားတွေ ပါတဲ့ မဲပြားတွေမှာ ကိုယ်ကြိုက်တဲ့ လူနဲ့ပါတီကို အမှန်ခြစ်ဖို့ပေါ့။ နောက်ဆုံးတော့ အဲဒီစာရွက်ကို ထုတ်မပေးပဲ ကျနော်တို့ရဲ့ခရိုင်မှူးက သူတို့ဆက်လုပ်ပေးမယ်ဆိုပြီး ယူသွားတယ်။'

ကိုမန်းတင် (အမည်ရင်းမဟုတ်) ၃၈ နှစ်၊ လယ်ဆည်ဝန်ထမ်း၊ ကရင်ပြည်နယ်ဇာတိ၊ လက်ရှိ ရေးမြို့နယ်တွင် လယ်ဆည်ဝန်ထမ်းတဦးက

'ဦးမြဆွေနှင့် လုပ်ဖော်ကိုင်ဖက် ကျနော်တို့လည်း ခုနက တရက်ထည်း ကြိုတင်မဲပေးခဲ့ရတယ်။ ကြိုတင်မဲ ဆိုပေမယ့် ကိုယ်တိုင်မထည့်ပေးရဘဲ ကျနော်တို့ ခရိုင်မှူးအမိန့်နဲ့ မဲပြားတွေကို သူတို့ကိုယ်တိုင်ကိုယ်စားထည့်ပေးမယ်လို့ပဲ ပြောပြီးကိုယ်တိုင်ပေးမထည့်ဘူး။ကျနော်တို့မဲတော့ ပြည်ခိုင်ဖြိုးမဲတွေပဲ ဖြစ်သွားဖို့ များမှာပါ။ သူတို့ပါတီပဲ လက်ရှိအာဏာအရှိဆုံး၊ ပြီးတော့ အစိုးရက စစ်ဗိုလ်ချုပ်တွေ အရွေးခံဆုံး ပါတီဆိုတော့လေ။ ကျနော်ထည့်ချင်တဲ့ပါတီက ကိုယ့်ကရင်ပါတီကို သွားထည့်ပေးချင်ပေမယ့် မဖြစ်လာတာ စိတ်ပျက်မိတယ်။ အဲဒီအတွက် ဒေါသထွက်တယ်ဗျာ၊ ကိုယ့်သဘောကို ကိုယ်မပိုင်ပဲ သူများလုပ်စားသွားတော့ စိတ်ပျက်တယ်။'[၄၃]

ရေးမြို့နယ်တခွင်တွင် အစိုးရဝန်ထမ်းဦးရေ ၈၀၀ ခန့်မှ ၁၀၀၀ ခန့် ရှိသည်။ တမြို့နယ်လုံးတွင်ရှိသော ဝန်ထမ်းများမှာ ကိုယ်ပေးသည့် မဲက ကိုယ့်ဆန္ဒအစစ်အမှန် မဟုတ်သည့် အခြေအနေ အတူတူပင် ကြုံတွေ့ရ နိုင်ကြောင်းသိရသည်။ ရေးမြို့နယ် အလယ်တန်းကျောင်းတစ်ခုမှ ကျောင်းဆရာတစ်ဦးက

'ပြည်ခိုင်ဖြိုးကိုယ်စားလှယ်တွေကို ထည့်ဖို့ အထက်က အစီအစဉ်ရှိရှိ ဒီလိုမျိုးလုပ်တာလို့ပဲ ကျနော်တို့ ဝန်ထမ်းတွေ အများစုက ထင်မြင်ချက်ပေးတယ်။ အတိအကျသိလို့တော့ မဟုတ်ဘူးပေါ့။ ဖြစ်နိုင်မှု အများဆုံးကို ထင်တယ်ပြောတာပါ။ သူတို့အပြင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီဆိုတာကလည်းအစိုးရက အားပေးတဲ့ ရွေးကောက်ပွဲဝင်နိုင်ငံရေးပါတီ တခုဖြစ်တယ်ဆိုတော့ သူတို့အတွက် အထက်က မဲရအောင်လုပ်တာလဲ ဖြစ်နိုင်တာပဲ။ မသေချာတော့ ကျနော့်အနေနဲ့ မပြောရဲဘူး။ သေချာတာပြောရရင် ကျနော်တို့ အခုကြိုတင်မဲမှာ မဲထည့်ခွင့်ဆုံးရှုံးခဲ့ရတယ်။ ကျနော်တို့ ပညာရေးမှူးက မဲထည့်ဖို့ မဲပြားထုတ်မပေးဘူး။ မှတ်ပုံတင်လက်မှတ်ထိုးလွှာပဲ ပေးပြီး မဲထည့်ကြောင်းမှတ်ပုံတင်ခိုင်းတယ်။ အဲဒါက ပြီးခဲ့တဲ့ ၂၇ အောက်တိုဘာ တုန်းကပေါ့။ အဲဒီနောက် ကျနော်တို့ကို လာမယ့် နိုဝင်ဘာလ (၇) ရက်နေ့မှာ မဲထည့်စရာ မလိုတော့ဘူး။ ခင်ဗျားတို့တွေ မဲထည့်ပြီးပြီ။'[၄၄]

အမည်မဖော်လိုသော သံဖြူဇရပ်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တစ်ဦးက

'အခုလိုမျိုး ကြိုတင်မဲပေးစနစ်နဲ့ ဝန်းထမ်းတွေကို ထည့်ဝင်စေတာဟာ သူတို့ လက်ရှိတာ ဝန်ထမ်းနေတဲ့နေရာကနေ မဲရုံကိုလာရတဲ့ ခရီးရှည် အခက်အခဲကို ကြိုတင်ဖြေရှင်းတာ ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းတွေအနေနှင့် မဲပေးသည့် နိုဝင်ဘာလ (၇) ရက်နေ့တွင် အများ ပြည်သူများတွေနဲ့ မရောနှောပဲ ကြိုတင်မဲ မပေးစနစ်ဖြင့် မဲပေးစေတာပါ'[၄၅]

---

၄၃ HURFOM အင်တာဗျူး

၄၄ HURFOM အင်တာဗျူး

၄၅ HURFOM အင်တာဗျူး

သို့သော်လည်း မဲပြားများထုတ်မပေးပဲ မှတ်ပုံတင်လွှာများသာ ထုတ်ပေးတာဟာ မဲလိမ်မှုကြီးတခု လုပ်လိုက်တာဖြစ်တယ်လို့ ထင်ကြောင်း မွန်ပြည်နယ် သံဖြူဇရပ်အပိုင် ကျောင်းရွာနှင့် အံခဲကျေးရွာမှ ဝန်ထမ်း တချို့က ပြောပါတယ်။

'ကိုယ်တိုင်မထည့်ရရင် ရွေးကောက်ပွဲဥပဒေနဲ့ ငြိတယ်။ မဲလိမ်တာသက်ရောက်တယ်။ အဲလိုမျိုး လုပ်တာ ၂၀၀၈ ဖွဲ့စည်းပုံအတည်ပြုကတည်းက ဖြစ်နေတာပါ။ အခုလဲ ဒီပုံစံထပ်ဖြစ်တယ်ဆိုတော့ နှစ်ခါလိမ်တော့ ကိုယ်က 'အ' နေလို့ဖြစ်တယ်။ ဘာမှ ပြန်မပြောရဲတဲ့ ခလေ့တွေ ဝန်ထမ်းတွေမှာ ရှိတယ်ဆိုတဲ့ အသိက အထက်လူကြီးတွေသိတယ်လေ။ ကျနော့်မှာလဲ ပြည်ခိုင်ဖြိုးနဲ့ပတ်သက်တဲ့ သူငယ်ချင်းတွေရှိပါတယ်။ မပြိုင်ဘဲနဲ့လဲ နိုင်ပြီးသားပါကွာ ဆိုပြီး သူတို့မကြာမကြာပြောနေတာပဲ။ အခုလိုမျိုးလုပ်ဖို့တောင် မလိုတော့ဘူး။'[၄၆]

ယခုလိုမျိုး ကြိုတင်မဲပေးစနစ်ကို အစိုးရက ပြဋ္ဌာန်းပြီးကတည်းက မဲမသမာမှုများ ဖြစ်ဖို့အလားအလာ ၈၀ ရာခိုင်နှုန်း သေချာသွားပြီဆိုတာ တွက်မိကြောင်း၊ နောက်ပြီး အဝေးရောက် မဲထည့်စနစ်ကလည်း ရပ်ကွက်တွင်းမှာ ဖြစ်နေပြီး ဖြစ်ကြောင်း၊ သက်ဆိုင်ရာ မီးသတ်အဖွဲ့ဝင်များ၊ ရပ်ရွာအဆင့် အဖွဲ့ဝင်များနှင့် အစိုးရက တရားဝင်ဖွဲ့ထားသည့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များသာ ကိုယ်စားထည့်ပေးတာကို တွေ့ရတယ်လို့ ကော့ကရိတ်မြို့နယ် ရပ်မိရပ်ဖ တဦးက ပြောပါသည်။

'အစိုးရက ခရီးသွားလာဖို့အခက်အခဲရှိသည့်သူများအတွက် ကိုယ်စား ထည့်ဝင်ခွင့်ပြုထားတယ်။ အဲ့ဒါက အစိုးရက ကလိမ်ကကျစ်ကျဖို့ လုပ်ထားတာပါ။ အဲ့ဒီမဲတွေက ကြံ့ဖွတ်ပါတီ အတွက် ဖြစ်သွားမှာပါပဲ။ ဒီလို မဲလိမ်လည် ကလိမ်ကကျစ်ကျမှုက ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်မှာလဲ ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြံ့ဖွံ့က သူတို့ရှုံးမှာ ကြောက်လို့ပဲ။ ကျွန်တော်တို့ ဒေသမှာ ရွေးကောက်ပွဲနေ့မှာ ကိုယ့်မြို့ကိုယ့်ရွာမှာ မရှိတဲ့ မဲပေးခွင့်ရှိသူ စာရင်းကောက်တယ်။ ကမ္ဘာကြီးကို သိစေချင်တာက ဒီကြံ့ဖွံ့ပါတီက မဲလိမ်မှု၊ လိမ်ညာမှု တစ်ပတ်ရိုက်မှုတွေနဲ့ အာဏာရ သွားမယ်ဆိုတာပဲ'[၄၇]

မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း၏ သတင်းကောက်ခံမှုမှ ရသည့်အချက်အလက်များအရ ဘုရားသုံးဆူမြို့နယ်ခွဲရှိ ဝန်ထမ်းအားလုံး ၎င်းတို့ကိုယ်တိုင် မဲပေးစရာမလိုတော့ဟု မြို့ခံဝန်ထမ်းများထံမှ စုံစမ်းသိရှိရသည်။ သက်ဆိုင်ရာဌာနအသီးသီး၏ အကြီးအကဲများက ဘုရားသုံးဆူမြို့ဝန်ထမ်းများ အတွက် မဲထည့်ပေးခဲ့သည်ဟု ကြာအင်း ဆိပ်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးနှင့် နီးစပ်သည့် သတင်းရပ်ကွက် ကဆိုပါသည်။

ဝန်ထမ်းဦးရေ (၃၀၀) ကျော်ရှိသည်ဟု မှတ်တမ်းများအရသိရသည့် ဘုရားသုံးဆူမြို့၌ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအား အတည်ပြုခဲ့တဲ့ပုံစံအတိုင်း တစ်ထေရာထည်းဖြစ်တယ် ဟု အမည်မဖော်လိုသူ ကျောင်းဆရာတဦးက ပြောပြခဲ့သည်။

'၂၀၀၈ ဖွဲ့စည်းပုံမဲထည့်တုံးကလည်း ဒီအတိုင်းပါပဲ၊ ကြာအင်းဆိပ်ကြီးမှာရှိတဲ့ ကျနော်တို့ဦးစီးမှူးက ထည့်ပေးခဲ့တာ။ ကြံ့ဖွံ့ပါတီကိုပဲ ထည့်ပေးမယ်ထင်တယ်'[၄၈] ဟု အမည်မဖေါ်လိုသောဝန်ထမ်းတစ်ဦးက ပြောသည်။

---

၄၆ HURFOM အင်တာဗျူး

၄၇ HUFROM အင်တာဗျူး

၄၈ HURFOM အင်တာဗျူး

ဝန်ထမ်းဦးစုစုပေါင်းမှာ အင်အားအများဆုံးဖြစ်သည့် စစ်တပ်မှ (၁၂၀) ဦးရှိပြီး ရဲ (၅၀) ဦးကျော်၊ ပညာရေးဝန်ထမ်း (၅၀) ဦးခန့်ရှိသည့်အပြင် အစိုးရဌာနပေါင်း (၂၀) ခန့်ရှိသည်။ စုံစမ်းသိရှိထားချက်အရ ဘုရားသုံးဆူဒေသ၌ မဲရုံ (၁၀) ရုံထားရှိမည် ဖြစ်ပြီး မဲပေးနိုင်သူလူဦးရေ (၉၈၅၆) ဦးရှိသည်ဟု သိရသည်။[၄၉]

## ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီအား စည်းရုံးရေး မပြုလုပ်နိုင်ရန် တားမြစ်ခြင်း

၂၀၁၀ စက်တင်ဘာလအတွင်း ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်အတွင်းတွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNPP) မှ ဒေသဆိုင်ရာ စည်းရုံးရေးများ ပြုလုပ်နေစဉ် မြို့နယ်အာဏာပိုင်များက စည်းရေးမှုများ ပြုလုပ်နေသူများအား တားဆီးနှောင့်ယှက်မှုများ ပြုလုပ်ခဲ့ပြီး ပုဂ္ဂလိကပိုင် ဗွီဒီယိုရုံများတွင် ပြုလုပ်မည့် ဟောပြော ဆွေးနွေးပွဲများကို တားဆီးပိတ်ပင်မှုများကို ပြုခဲ့သည်။ ထို့အပြင်ပါတီ၏ လွှတ်တော် ကိုယ်စားလှယ်လောင်း ကိုသန်းဖေ ကို စည်းရုံးရေးမပြုလုပ်ရန် တားမြစ်ခံခဲ့ရသည်။ ဗွီဒီယိုပိုင်ရှင်အားလည်း ရခိုင် တိုင်းရင်းသား တိုးတက်ရေး ပါတီအတွက် ဗွီဒီယိုရုံကို အသုံးပြုခွင့်ပေးလျှင် ဗွီဒီယိုပြသခွင့် လိုင်စင် သိမ်းခံရမည်ဟု နှစ်ကြိမ်တိုင် ခြိမ်းခြောက်ခဲ့သည်။

---

၄၉ HURFOM အင်တာဗျူး

## အိုးအိမ် လယ်ယာ သိမ်းပိုက်မှုနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများ ဖျက်ဆီးမှု

၂၀၁၀ ခုနှစ် အောက်တိုဘာလတွင် ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီ (မယက) ဥက္ကဌ မှ ၂၀၀၈ ခုနှစ်ကတည်းက နွေစပါးမစိုက်ပျိုးသဖြင့် သိမ်းဆည်းထားသော ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ငါးဆောင်ဘက်ကျေးရွာအုပ်စုနေ ဦးအောင်ရွှေဇော်ပိုင် ၂၂ ဧက အကျယ်အဝန်းရှိသည့် လယ်မြေအား ကြံ့ဖွံ့ပါတီ ကိုယ်စားလှယ်လောင်း စစ်မှုထမ်းဟောင်း ဦးကျော်စိန်အောင် အား အပိုင်စားပေးအပ်လိုက်သည်။[၅၀]

၅၀ AASYC အင်တာဗျူး

# နိဂုံး

မြန်မာနိုင်ငံ၏ ၂၀၁၀ ရွေးကောက်ပွဲသည် ခြိမ်းခြောက်မှု၊ ဖိနှိပ်မှုနှင့် ဆက်လက်ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် ပြည့်နှက်စွာ တန်ဆာဆင်ထားသည်။ ရွေးကောက်ပွဲ ရက်နီးကပ်လာသည်နှင့်အမျှ လူ့အခွင့်အရေး ချိုးဖောက်များသည်လည်း တစ်စထက်တစ်စ မြင့်တက်လာသည်ကို တွေ့ရှိရသည်။ ထိုချိုးဖောက်မှုများအားစစ်အစိုးရအပြင်ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ/အသင်းနှင့်အခြားအာဏာပိုင်များနှင့် ၎င်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများဖြစ်သည့် ရဲ၊ ပြည်သူ့စစ်သဏ္ဍာန် ရာဇဝတ် အကျဉ်းသားများနှင့် ဖွဲ့စည်းထားသည့် စွမ်းအားရှင်နှင့် အမျိုးသမီးရေးရာအဖွဲ့အစည်းများက တရား ဥပဒေအရ ဒဏ်ခတ်မခံရပဲ လက်တစ်လုံးခြားလုပ် ကျူးလွန်နေကြသည်။

လူ့အခွင့်အရေးမှတ်တမ်း ကွန်ရက်(မြန်မာနိုင်ငံ) က ၂၀၁၀ ခုနှစ် ဇနနဝါရီလမှ အောက်တိုဘာလအထိ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းစုစုပေါင်း ၈၄၇ ခု မှတ်တမ်းပြုနိုင်ခဲ့ရာ သတင်းအချက်အလက်ပေါင်း ၂၄၇ ခုမှာ စစ်အစိုးရက ဦးစီး ကျင်းပမည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကျူးလွန်မှုများဖြစ်သည်။ မြန်မာပြည်သူလူထုသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား ထောက်ခံရန်နှင့် မဲပေးရန် ခြိမ်းခြောက်ခံရခြင်း၊ အကျပ်ကိုင်ခံရခြင်းနှင့် ဖိအားပေးခံရခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့ကြောင်း သက်သေခံချက်များအရ တွေ့ရှိရသည်။ သာမာန်ရပ်ရွာသူ၊ ရပ်ရွာသားများနှင့် အစိုးရဝန်ထမ်း (နိုင်ငံ့ဝန်ထမ်း) များသည် စစ်အစိုးရကိုယ်စားပြုပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအတွင်းသို့အဖွဲ့ဝင်အဖြစ် အတင်းအကြပ် သွတ်သွင်းခံခဲ့ရသည်။ ခြိမ်းခြောက်မှုနှင့် အကြမ်းဖက်ရန် သတိပေးမှုများအပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ငွေကြေးဖြင့် မက်လုံးပေးကာ ပါတီဝင်များအား စုဆောင်းခဲ့သည်။

ကြိုတင်မဲများ ကောက်ခံခြင်းသည် လွတ်လပ်တရားမျှတရေးအတွက် ဆိုးရွားသည့် အတားအဆီးဖြစ်ကြောင်း အစီရင်ခံစာက ဖော်ပြပြီး ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအပြင် သာမာန် ပြည်သူများသည် လျှို့ဝှက်စနစ်ဖြင့် မဲပေးခွင့်မရရှိခဲ့ပဲ ဒေသအာဏာပိုင်များ၊ အထက်အရာရှိကြီးများက ၎င်းတို့ကိုယ်စား မဲထည့်ပေးခြင်း၊ မဲထည့်ခြင်းကို စောင့်ကြည့်နေကြခြင်း သို့မဟုတ် ကြံ့ဖွံ့ပါတီအား မဲပေးရန် ဖိအားပေးခံရသည်။

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ တစ်လတည်းမှာပဲ ကျောင်းသား ၁၁ ဦးသည် ၎င်းတို့၏ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို အသုံးချမှုကြောင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်းတို့က ရွေးကောက်ပွဲတွင် မဲမပေးပဲ နေနိုင်သည့် အခွင့်အရေးရှိကြောင်း လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့၏ အမြင်များကို ငြိမ်းချမ်းစွာဖြင့် ဖော်ပြပြီး ပြည်သူတို့၏ ဒီမိုကရေစီ အခွင့်အရေးများအား ပညာပေးမှုများ ပြုလုပ်နေသူများအား ဖမ်းဆီးခြင်း၊ ညှဥ်းပမ်းနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ခြင်းသည် လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲနှင့် ဖြောင့်တန်းစွာ ဆန့်ကျင် လျှက်ရှိသည်။

လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်အတွက် အခြားအတားအဆီးတစ်ခုမှာ တိုင်းရင်းသားလူနည်းစု ဒေသရှိ မဲဆန္ဒရှင် စုစုပေါင်း ၃၄၀၀၀၀ မှ ၇၀၀၀၀၀ ခန့် မဲပေးခွင့်မရခြင်းပင်ဖြစ်သည်။ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်က တိုင်းရင်းသားလူမျိုးများ ကြီးစိုးထားသော ဒေသများတွင် ရွေးကောက်ပွဲကျင်းပတော့မည် မဟုတ်ကြောင်း ကြေငြာခဲ့သည်။ ရွေးကောက်ပွဲ မကျင်းပသည့် မဲဆန္ဒနယ်များတွင် စစ်အစိုးရ ပါတီမှာ အနိုင်မရနိုင်ပါ။

ဆယ်စုနှစ်များစွာ မြန်မာပြည်သူများသည် ဒီမိုကရေစီရရှိရေးနှင့် ၎င်းတို့၏ အခွင့်အရေးအပြည့်အဝရရှိရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည်။ သဘာဝအားဖြင့် ရွေးကောက်ပွဲများသည် ထိုလုပ်ငန်းစဉ်များ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ အဓိပ္ပါယ်ရှိသော ရွေးကောက်ပွဲတစ်ခု ဖြစ်ရန်အတွက်

လွတ်လပ်၍ တရားမျှတမှု ရှိရမည်ဖြစ်သည်။ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှု ရှိမည်မဟုတ်ပဲ မြန်မာပြည်ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအား ယူဆောင်လာလိမ့်မည် မဟုတ်ပါ။ လက်ရှိဆိုးဝါးလျှက်ရှိသည့် လူ့အခွင့်အရေးအခြေအနေများ ပိုမိုဆိုးဝါးလာမည်သာဖြစ်သည်။ သာမာန်ပြည်သူများသည့် ရွေးကောက်ပွဲနှင့် တိုက်ရိုက်ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖောက်မှု များကို ခါးစည်းခံနေကြရသည်။ ရွေးကောက်ပွဲသည် နိုင်ငံရေးအရ နေရာလပ် ဖြစ်ထွန်းမှုထက် စစ်အုပ်ချုပ်ရေးစံနစ်ကို အုတ်မြစ်ချ တရားဝင်ခွင့်ပြု လိုက်သည့် ရွေးကောက်ပွဲပင်ဖြစ်တော့သည်။ မြန်မာပြည်သူများ၏ အခြေခံ လွတ်လပ်မှုများမှာ တားမြစ်ဖိနှိပ်ခံနေရဦးမည်ဖြစ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းများအတွက် အတားအဆီးပင် ဖြစ်သည်။

# အတိုကောက် ဝေါဟာရများနှင့် မြန်မာအခေါ်များ

| | |
|---|---|
| AAPPB | Assistance Association for Political Prisoners - Burma |
| AASYC | All Arakan Students' and Youths' Congress |
| CHRO | Chin Human Rights Organization |
| HRDU | Human Rights Documentation Unit |
| HREIB | Human Rights Education Institute of Burma |
| HURFOM | Human Rights Foundation of Monland |
| KIO | Kachin Independence Organisation |
| KIA | Kachin Independence Army |
| KPP | Kayin (Karen) People's Party |
| KWAT | Kachin Women's Association Thailand |
| Kyat | Burmese Currency |
| LWO | Lahu Women's Organisation |
| NUP | National Unity Party |
| NLD | National League for Democracy |
| RNPP | Rakhine Nationals Progressive Party |
| PWO | Palaung Women's Organisation |
| TSYO | Ta'ang Students and Youth Organization |
| TPDC | Township Peace and Development Council |
| USDP | Union Solidarity and Development Party |
| USDA | Union Solidarity and Development Association |
| Ya Ya Ka / VPDC | Village Peace and Development Council |
| Yoma3 | Yoma3 News Service |